# လယ်ယာ စီးပွား သတင်း

The Agri-Business News

၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်သည်။


စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်
ဈေးကွက်ပိုမို ရရှိနိုင်ရန်အတွက်
စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP)
ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP)
ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (GAHP)
တို့ကို ကျင့်သုံးပါ။


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ သောကြာနေ (1-12-2023) အမှတ် (၈၃၇)


**ပုလွေးချောင်းပေါ်တွင် ယာယီရေထိန်းဆည် တည်ဆောက်**
စာ - ၂ MOALI

**ကျယ်ပြန့်လာသော မန်ကျည်းဈေးကွက်**
စာ - ၈ ဆွေရည်

**ငရုံပတူပင် ဆေးဖက်ဝင်**
စာ - ၁၂ ကြေးမုံငယ်



## တစ်ခေတ်ဆန်းသစ်လာမည့် မြန်မာ့ရွှေဖြူ ဇော်လင်းထွန်း

**အဖိုး:** ထိုက်တန်သောပစ္စည်းများကို စိန်၊ ရွှေ၊ ငွေ ရတနာ ပစ္စည်းများအဖြစ် တင်စားခေါ်ဝေါ်ကြသကဲ့သို့ ယနေ့ခေတ်လူမှုစီးပွားရေးဘဝတွင် မပါမဖြစ် အသုံးဝင်နေသော စက်မှုကုန်ကြမ်း ကြက်ပေါင်စေးခေါ် ရော်ဘာစေး ကိုလည်း 'ရွှေဖြူ'ဟု တင်စားခေါ်ဝေါ်ကြသည်။

မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုသည် ရော်ဘာ စိုက်ပျိုးဖြစ်ထွန်းသည့် အခြေအနေများနှင့် ကိုက်ညီသဖြင့် အရှေ့တောင်အာရှတွင် ရော်ဘာစတင်စိုက်ပျိုးခဲ့သည့် ၁၈၇၆ ခုနှစ်ကပင် မြန်မာနိုင်ငံတွင်လည်း စတင်စမ်းသပ် စိုက်ပျိုးခဲ့သည်။

လက်ရှိ ပြည်တွင်း၌ ဆန်စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများစသည့် သီးနှံအမျိုးပေါင်း ၆၁ မျိုးကို စိုက်ဧရိယာ ဧက ၄၉ ဒသမ ၃၉ သန်းတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး၊ စက်မှုကုန်ကြမ်းသီးနှံရော်ဘာကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတွင် ဧက ၁ ဒသမ ၆၄ သန်း စိုက်ပျိုးထားကာ အစေးခြစ်ဧက တစ်သန်းခန့်က ရော်ဘာတန်ချိန် သုံးသိန်းကျော် ထွက်ရှိနေသည်။

ယင်းသို့ ထွက်ရှိသော ရော်ဘာထဲမှ ပြည်တွင်းသုံးစွဲမှုပိုလျှံသည့် တန်ချိန် သုံးသိန်းခန့်ကို နှစ်စဉ် ပြည်ပသို့ တင်ပို့လျက်ရှိသည်။ လာမည့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင်လည်း ပြည်ပသို့ ရော်ဘာတန်ချိန်လေးသိန်းခန့် တင်ပို့နိုင်ရေး ဆောင်ရွက်လျက် ရှိသည်။

ရော်ဘာတင်ပို့မှုက နိုင်ငံခြားဝင်ငွေရရှိမှုအနေဖြင့် ၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တစ်နှစ်လျှင် ပျမ်းမျှ ကန်ဒေါ်လာသန်း ၂၅၀ မှ သန်း ၄၅၀ အကြား ရရှိခဲ့သောကြောင့် ရော်ဘာသီးနှံသည် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် အရေးပါသော စက်မှုသီးနှံတစ်ခု ဖြစ်သည်။

ထို့ကြောင့် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ ရည်မှန်းချက်၏ ဦးစားပေးပို့ကုန်အမယ်များတွင် ရော်ဘာလုပ်ငန်းသည် ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နှစ်ပေါင်းများစွာ ရော်ဘာ စိုက်ပျိုးထုတ်လုပ်ခဲ့ကြသော်လည်း ရော်ဘာအထွက်နှုန်းနှင့် အရည်အသွေးသည် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက လျော့နည်းလျက်ရှိသည်။

သို့ဖြစ်၍ အရည်အသွေးတိုးတက်မြင့်မားရေး၊ ယှဉ်ပြိုင်နိုင်စွမ်းသော ရော်ဘာအခြေခံ တန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြန်မာ ရော်ဘာဖိုရမ် ၂၀၂၃ ကို နိုဝင်ဘာ ဒုတိယအပတ်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MCC-II) တွင် ကျင်းပခဲ့သည်။

မြန်မာရော်ဘာဖိုရမ် ၂၀၂၃ တွင် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အုပ်စုသုံးခု၏ ဆွေးနွေးချက်များကို သုံးသပ်ပြီး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအဖြစ် ကာလတို ဆောင်ရွက်မည့် လုပ်ငန်း ၁၂ ချက်နှင့် ကာလရှည် ဆောင်ရွက်မည့် လုပ်ငန်းကိုးချက်ကို ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ရော်ဘာထုတ်လုပ်သည့်ဒေသများတွင် ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူ၊ ရောင်းဝယ်သူ၊ ကုန်ချောထုတ်လုပ်သူ စသည့် အလွှာစုံပါဝင်သော ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများကို ဆက်လက် ကျင်းပသွားမည် ဖြစ်ပြီး၊ ရေရှည် တည်တံ့သော သဘာဝရော်ဘာ (Sustainable Natural Rubber - SNR) ကို တိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိ ရော်ဘာအထွက်နှုန်းသည် တစ်ဧကလျှင် ပေါင် ၇၀၀ ခန့်သာ ထွက်ရှိသည်။ ယင်းသို့ အထွက်နှုန်း လျော့နည်းခြင်းသည် ယခင် စိုက်ပျိုးထားသော အထွက်နှုန်းနည်း မျိုးဟောင်းများကြောင့် ဖြစ်သည့်

စာ-၆ သို့

# လယ်ယာသုံးစက်ကိရိယာစက်ရုံ (အင်းကုန်း) အပေါ်စား လက်ဆွဲကောက်စိုက်စက် သရုပ်ပြ



**နေပြည်တော် နိုဝင်ဘာ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန **လယ်ယာသုံးစက်ကိရိယာစက်ရုံ (အင်းကုန်း) က စမ်းသပ်ထုတ်လုပ်သည့် အပေါ့စား လက်ဆွဲကောက်စိုက်စက် တတိယအကြိမ် လက်တွေ့သရုပ်ပြ ကောက်စိုက်ခြင်းကို** နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ကွင်း၌ ယနေ့ပြုလုပ်သည်။

အဆိုပါလက်တွေ့သရုပ်ပြပွဲကို ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။ (ပုံ)

သရုပ်ပြပွဲတွင် အင်ဂျင်ပါဝါ နှစ်ကောင်အားဖြင့် စိုက်တန်းခြောက်တန်း စိုက်နိုင်သည့် လက်ဆွဲကောက်စိုက်စက် သုံးမျိုးနှင့်ပတ်သက်၍ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တက်ရောက်လာသူတောင်သူများ ကိုယ်တိုင် စမ်းသပ်အသုံးပြုကြပြီး လက်ဆွဲကောက်စိုက်စက်တစ်ခုချင်းစီ၏ လက်တွေ့အသုံးပြုမှု အတွေ့အကြုံနှင့် အားသာချက် အားနည်းချက်များ၊ တစ်နှစ်သုံးသီး စိုက်ပျိုးရာတွင် ရာသီချိန်အမီ ဆောင်ရွက်နိုင်ရန် တောင်သူများအနေဖြင့် ကောက်စိုက်စက်အသုံးပြုရန် လိုအပ်သဖြင့် ယခုကဲ့သို့ တောင်သူလက်လှမ်းတမီ ဈေးနှုန်းဖြင့် ဝန်ပေါ့အလုပ် တွင်ကျယ်သော စက်ကိရိယာများ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပေးခြင်း ဖြစ်သည်။

စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာ စက်ရုံ (အင်းကုန်း)က စမ်းသပ် ထုတ်လုပ်သည့် အပေါ့စား လက်ဆွဲကောက်စိုက်စက်ကို တောင်သူများ အသုံးပြုရန် သင့်တော်ကောင်းမွန်သည်အထိ မွမ်းမံမှုများ ဆောင်ရွက်ပြီးပါက၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များအား နည်းပညာလွှဲပြောင်းပေးအပ်ပြီး တောင်သူများ ဈေးနှုန်းချိုသာစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**

---

# စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်ရန် ပုလွေးချောင်းပေါ်တွင် ယာယီရေထိန်းဆည် တည်ဆောက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်၊ ပုလွေးချောင်းပေါ်တွင် ယာယီရေထိန်းဆည် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယာယီရေထိန်းဆည်သည် ဒက္ခိဏာသီရိမြို့နယ် ဒိုးနွယ်ကျေးရွာအနီး ပုလွေးချောင်းပေါ်တွင် တည်ရှိကာ ပုလွေးချောင်းမှ ရအောင်းချောင်းသို့ ရေသွယ်မြောင်း ဖောက်လုပ်ကာ ရအောင်းချောင်းမှတစ်ဆင့် ဆင်အုံကန်သို့ ရေကူဖြည့်တင်းခြင်း လုပ်ငန်းလုပ်ဆောင်နိုင်မည်ဖြစ်သည်။



ယာယီရေထိန်းဆည် တည်ဆောက်ပြီးစီးပါက၊ စိုက်ပျိုးရေ ပိုမိုတိုးမြှင့်ပေးဝေရန်၊ သီးထပ်စွမ်းအား တိုးတက်လာစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ယာယီရေထိန်းဆည်ကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ပုံ)

ယင်းလုပ်ငန်း ဆောင်ရွက်ခြင်းကြောင့် ဆင်အုံကန်အတွင်းသို့ ချောင်းမငယ်တမံက ရေဖြည့်သွင်းခြင်းပမာဏ လျော့နည်းသက်သာမည်ဖြစ်ပြီး၊ ဆင်အုံကန်အောက်ပိုင်း ရေသောက်ဧရိယာများကို ရေကူပေးဝေနိုင်မည်ဖြစ်ကာ နွေစပါး၊ မိုးစပါးနှင့် ဆောင်းသီးနှံများ ပိုမိုစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေ ဖူလုံစွာပေးဝေနိုင်မည် ဖြစ်သည်။

ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကြောင့် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာကာ ချောင်းမငယ် ရေလှောင်တမံအပါအဝင် ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှု လျော့နည်းလာလျက်ရှိရာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဒေသ စိုက်ပျိုးရေ ပိုလျှံမှုရှိစေရေးအတွက် ရေရရှိရေး နည်းလမ်းများကို အသုံးပြု၍ စူးစမ်းရှာဖွေ ဖော်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**

လယ်ယာစီးပွားသတင်း
The Agri-Business News

**အယ်ဒီတာချုပ်**
မြတ်စိုး(လှိုင်)

**အမှုဆောင်အယ်ဒီတာ**
တင်ကြည်လှိုင်

**ထုတ်ဝေသူ**
ဦးမျိုးတင့်ထွန်း
မြဲ - ၀၀၄၁၀

**ပုံနှိပ်သူ**
ဦးမောင်နီ
မြဲ - ၀၀၂၆၉
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက်ရန်ကုန်မြို့

**ခေါင်းစီးစာလုံး**
သက်မော်

**ဒီဇိုင်း**
မြတ်လင်း၊ ခင်နွယ်နီအောင်သိန်း

**ဖလင်၊ ကာလာခွဲ**
**Eagle**


**ကြော်ငြာ**
လယ်ယာစီးပွားသတင်းအဖွဲ့

**ဖြန့်ချိရေး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ**
**ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်**
**– ဝါမိုးအောင်စာပေ၊**
**စာပေဗိမာန်အနီး**
**မန္တလေး – မန္တလေးရုံးခွဲ**
**– စီမံကိန်းဦးစီးဌာန**

**ဆက်သွယ်ရန်**

လယ်ယာစီးပွားသတင်း
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက်ရန်ကုန်မြို့
ဖုန်း–၆၆၃၅၀၅
Email:
agribusinessnews2000@gmail.com

## အယ်ဒီတာ့အာဘော်



# အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ် အောင်မြင်ရေး စိုက်ပျိုး မွေးမြူရေးကဏ္ဍ မြှင့်တင်ပေး

''နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိမှု ရှိ/ မရှိ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှုရှိ/မရှိ၊ ချိန်ထိုးသုံးသပ်ဆောင်ရွက်ကြည့်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် ''ရှေ့သို့ချီမည် ပန်းတိုင်ဆီ'' "Keep Moving Forward to Achieve Our Goal" ဆိုသည့်အတိုင်း နိုင်ငံ့စီးပွား တိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း'' နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး ၆/၂၀၂၃ တွင် ထည့်သွင်းပြောကြားသွားသည်။

နိုင်ငံတော်သည် အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် ''တိုင်းပြည်သာယာဝပြောရေး'' နှင့် ''စားရေရိက္ခာဖူလုံရေး''ကို မျက်ခြည်မပြတ် အလေးထား ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရည်မှန်းချက်နှစ်ရပ် အောင်မြင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို မြှင့်တင်အကောင်အထည်ဖော်ရာတွင် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ကို ပံ့ပိုးအားပေးဆောင်ရွက်လျက် ရှိသည်။

ကုန်ထုတ်အရင်းအနှီးပြည့်စုံစေရန်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက စိစစ်ထောက်ပံ့ထုတ်ချေးပေးထားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို အခြေခံကာ အဆိုပါ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးလာသည်နှင့်အမျှ ပြည်တွင်းစားရေရိက္ခာ ဖူလုံပိုလျှံလာသမျှကို ပို့ကုန်တိုးမြှင့်တင်ပို့ကာ နိုင်ငံ့ဝင်ငွေပါ တိုးပွားရရှိလာမည် ဖြစ်သည်။

ဤတွင် ကဏ္ဍနှစ်ခုခွဲ၍ စဉ်းစားရန်ရှိလာသည်။ ပထမတစ်ပိုင်းအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှု မြင့်မားရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း(နည်းပညာ) မှန်ကန်ဖူလုံကောင်းမွန်ရေးကို အခြေခံရမည်ဖြစ်သည်။

ထို့ပြင် အဆိုပါလေးခုအနက်မှ အခြေခံကျသည့် စိုက်ပျိုးမြေဧရိယာများ အပြည့်အဝစိုက်ပျိုးနိုင်ရန်နှင့် တစ်ဧကချင်း၏ ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် လက်ရှိမြေဧကလွှာပေါ်တွင် သီးထပ်၊ သီးညှပ်စိုက်ပျိုးနည်းစနစ်များဖြင့် ဆပွားတိုးတက်စေရန် နည်းလမ်းရှာကြံဆောင်ရွက်ကြရမည် ဖြစ်သည်။

ထိုမှတစ်ဆင့်တက်ကာ ပန်းတိုင်၊ အထွက်နှုန်းများ ရည်မှန်းချက်အတိုင်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် နည်းပညာမှန်ကန်ရေးကို အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ဒုတိယတစ်ပိုင်းအနေဖြင့် နိုင်ငံတော်၏ မွေးမြူရေးကဏ္ဍတွင် မွေးမြူရေးတောင်သူများအနေဖြင့် မိရိုးဖလာ တစ်နိုင်တစ်ပိုင် မွေးမြူရေးမှသည် ခေတ်မီစီးပွားဖြစ် မွေးမြူရေးကဏ္ဍဆီသို့ ဦးတည်ဆောင်ရွက်သွားကြမည် ဖြစ်သည်။

ထိုသို့ ဆောင်ရွက်လာနိုင်ကြသည်နှင့်အမျှ ကျန်းမာရေးနှင့်ညီညွတ်သော စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန် ဘေးကင်းလုံခြုံသည့် အစားအစာများကို ပြည်သူများ ဖူလုံစွာ စားသုံးလာနိုင်မည်ဖြစ်ကာ၊ ပိုလျှံသမျှကို ပြည်ပသို့တိုးမြှင့်တင်ပို့၍ နိုင်ငံ့ဘဏ္ဍာကိုပါ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ''တိုင်းပြည်သာယာဝပြောရေး''နှင့်''စားရေရိက္ခာဖူလုံရေး''ဟူသည့် အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်ကိုလည်း အကောင်အထည်ဖော်ရာရောက်သည့်ပြင် အတ္တ၊ ပရနှစ်ဝ အကျိုးပြုရာရောက်မည် ဖြစ်ပါကြောင်း။ ။

# ပဲမျိုးစုံတန်ချိန် ၇၂၀၉၀၀ ပြည်ပသို့တင်ပို့နိုင်



ရန်ကုန် ပဲမျိုးစုံဈေးကွက်တွင် အောက်တိုဘာ ဒုတိယပတ်၌ ပဲတီစိမ်း (အသစ်) ဈေးနှုန်းသည် တစ်ပိဿာလျှင် ကျပ် ၃၀၈၀ မှ ၃၂၅၀ ရှိခဲ့ပြီး အောက်တိုဘာ ၂၇ ရက်တွင် တစ်ပိဿာလျှင် ကျပ် ၂၈၃၀ မှ ၂၉၂၀ ရှိသည်။

လက်ရှိတွင် ပဲတီစိမ်း တစ်တန်လျှင် ကျပ် ၁,၇၀၀,၀၀၀ ခန့် ပေါက်ဈေးရှိသည်။

ဈေးကွက်တွင် မတ်ပဲ (RC) ဈေးနှုန်းသည် တစ်တန်လျှင် ကျပ် ၂,၉၁၈,၀၀၀၊ ပဲစင်းငုံ (အနီ) တစ်တန်လျှင် ကျပ် ၄,၀၇၅,၀၀၀ နှင့် ကုလားပဲ တစ်ပိဿာလျှင် ၅၈၀၀ ကျပ်မှ ၆၁၀၀ ကျပ်ထိ ပေါက်ဈေးရှိသည်။

၎င်းတို့အထဲတွင် ပဲတီစိမ်းဈေးနှုန်းမှာ အနည်းဆုံးဖြစ်ပြီး ပခုက္ကူ ပဲတီစိမ်းဈေးနှုန်းများ ဈေးကျနေချိန်၌ ကယန်းရွှေဝါ ပဲတီစိမ်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ၃၆၃၀ ကျပ်ဖြင့် ဈေးတန့်နေသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၏ ပထမငါးလပတ်အတွင်း ကန်ဒေါ်လာ ၅၈၆ သန်းတန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် ၇၂၀,၉၀၀ တင်ပို့ခဲ့သည်။ အဆိုပါ ပို့ကုန်များထဲတွင် ကန်ဒေါ်လာ ၂၁၄ သန်းတန်ဖိုးရှိ မတ်ပဲတန်ချိန် ၂၇၉,၃၀၀ နှင့် ကန်ဒေါ်လာ ၁၄၉ သန်းတန်ဖိုးရှိ ပဲတီစိမ်းတန်ချိန် ၂၂၂,၆၀၀ တို့ ပါဝင်သည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်တွင် ပြည်ပသို့ တင်ပို့ခဲ့သည့် ပဲမျိုးစုံများ၏ ဈေးနှုန်းများမှာ မတ်ပဲ (RC) တစ်တန်လျှင် ကန်ဒေါ်လာ ၁၀၄၆ မှ ၁၀၆၅ ထိ၊ ပဲစင်းငုံ(အနီ)တစ်တန်လျှင် ကန်ဒေါ်လာ ၁၃၅၀ မှ ၁၃၇၀ နှင့် ဒေသမျိုးပဲတီစိမ်း တစ်တန်လျှင် ကန်ဒေါ်လာ ၇၅၀ မှ ၇၇၀ အထိရှိသည်။ **နွေးနွေးအောင်**



# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံဧက တစ်သိန်းကျော် စိုက်ပျိုးမည်

ရန်ကုန် နိုဝင်ဘာ ၁၉

ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ ပဲမျိုးစုံ ၁၁၄၈၉ ဧက စိုက်ပျိုးရန် လျာထားသည့်အနက် ကုလားပဲကို ဧက ၇၆၀၀၀ ကျော်ထိ အများဆုံး စိုက်ပျိုးရန်နှင့် ပဲချဉ်ပေါင်ကို ဧက ၃၀၀၀၀ ကျော်ဖြင့် ဒုတိယအများဆုံး ပဲများကို ဧက ၆၀၀၀ ကျော်ဖြင့် တတိယအများဆုံး စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

ဆောင်းသီးနှံပဲမျိုးစုံ တွင် ပဲတီစိမ်း၊ ပဲလွမ်း၊ စွန်တာပြာ၊ ပဲထောပတ်၊ မတ်ပဲ၊ ပဲကြီး၊ ကုလားပဲ၊ စွန်တာနီပဲများနှင့် ပဲချဉ်ပေါင်တို့ ပါဝင်သည်။

ထို့ပြင် နေကြာ၊ နှမ်း၊ မြေပဲနှင့် ဂျုံတို့ကိုလည်း ဆောင်းသီးနှံ အဖြစ် စိုက်ပျိုးရန် လျာထားထားပြီး အယ်လ်နီညို ကြောင့် ပျက်စီးမှုကာမိစေရန် သီးညှပ်စိုက်ပျိုးရေးကိုလည်း ဆောင်ရွက်ကြရန် စိုက်ပျိုးရေး ဦးစီးဌာနက ပညာပေး ဆောင်ရွက်လျက် ရှိသည်။

ABC - 004

# အိန္ဒိယအဝယ်လိုက် မြန်မာ့ပဲစင်းငုံ ဈေးကောင်းရ

ရန်ကုန် နိုဝင်ဘာ ၁၈

အိန္ဒိယနိုင်ငံက အဝယ်လိုက်၍ မန္တလေးတွင် မြန်မာ့ပဲစင်းငုံများ စံချိန်တင် ဈေးကောင်းရရှိနေသည်။

ပဲစင်းငုံပေါ်စ ဇန်နဝါရီက သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀ သာ ပေါက်ဈေးရှိခဲ့ရာမှ ယခုအခါ ကျပ် ၃၄၀၀၀၀ ခန့်အထိ ဈေးမြင့်လာသည်။ လက်ရှိတွင် ပဲစင်းငုံလက်ကျန်နည်းနေချိန်တွင် အိန္ဒိယက အဝယ်လိုက်၍ ဈေးမြင့်လာခြင်း ဖြစ်သည်။

မြန်မာ့ပဲစင်းငုံကို မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများတွင် အများဆုံး စိုက်ပျိုးပြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း၊ ကယားနှင့်ချင်းပြည်နယ်တို့တွင်လည်း စိုက်ပျိုးလာကြကာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံတို့သို့ နှစ်စဉ် တင်ပို့လျက် ရှိသည်။

(ABC - 004)



# မြန်မာ့သကြား ဗီယက်နမ်သို့ ဦးစားပေးတင်ပို့


ရန်ကုန် - နိုဝင်ဘာ ၂၀

ပြည်တွင်း ပြည်ပ သကြားဈေးများ မြင့်တက်လာ၍ ပြည်တွင်းသကြားစက်ရုံများက ကြံတစ်တန်လျှင် စက်ရုံအရောက် ဈေးကျပ်တစ်သိန်းခွဲအထိ ပေး၍ ဝယ်ယူလာကြောင်း သိရသည်။

ကြံဈေးကောင်းရလာ၍ ကြံစိုက်တောင်သူများ စိုက်ဧကတိုးချဲ့စိုက်ပျိုးလာကြသည်နှင့် အမှုကြံကုန်ကြမ်းလုံလောက်မှုလည်း ပိုမိုရရှိလာကာ၊ စက်စွမ်းအားပြည့်လည်ပတ်လာနိုင်မည်ဟု မျှော်မှန်းထားကြသည်။

လက်ရှိတွင် ပြည်တွင်း၌ ကြံစိုက်ဧက လေးသိန်းခွဲခန့်ရှိပြီး ထွက်ရှိလာသည့် ကြံများကို ပြည်တွင်းသကြားစက်ရုံပေါင်း ၂၄ ရုံတွင် နိုဝင်ဘာ နောက်ဆုံးပတ်မှ ဧပြီအထိ သကြားထုတ်လုပ်ကာ ပြည်တွင်းစားသုံးမှုကပိုလျှံသမျှကို ဗီယက်နမ်သို့ ဦးစားပေး တင်ပို့လျက်ရှိကြောင်း သိရသည်။

ABC - 004





# အရည်အသွေးကောင်းမြန်မာ့ပျားရည် ၁၃၁၉ တန် တင်ပို့နိုင်ခဲ့

ရန်ကုန် နိုဝင်ဘာ ၂၂

၂၀၂၃ ခုနှစ် ဧပြီမှ အောက်တိုဘာကုန်အထိ ပြည်ပသို့ မြန်မာ့ပျားရည် မက်ထရစ်တန်ချိန် ၁၃၁၉ တန်ခန့် တင်ပို့ခဲ့ကြောင်း သိရသည်။

အရည်အသွေးကောင်း မြန်မာ့ပျားရည်များကို ပြည်တွင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့်ပြင် ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့လျက်ရှိသည်။

တင်ပို့ခဲ့သည့် ပျားရည်တန်ချိန် ၁၃၁၉ တန်တွင် ပုံမှန်ကုန်သွယ်မှု (Normal Trade) ဖြင့် ၁၁၆၉ တန် နယ်စပ်ကုန်သွယ်ရေးဖြင့် တန် ၁၅၀ ခန့် တင်ပို့ခဲ့ခြင်း ဖြစ်သည်။

အရည်အသွေးမြင့် မြန်မာ့နေကြာပျားရည်ကို ဂျပန်နိုင်ငံများက ဈေးကောင်းပေး၍ ဝယ်ယူလျက်ရှိပြီး၊ နှမ်းပျားရည်၊ ဆီး ပျားရည်၊ လိုင်ချီးပျားရည်နှင့် ပန်းနှမ်းပျားရည်များကိုလည်း အခြားနိုင်ငံများသို့ အများအပြား တင်ပို့လျက် ရှိသည်။

(ABC - 004)

# မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ ၂၆ ကြိမ်မြောက် အစည်းအဝေးတွင် မျိုးသစ် ၁၃၈ မျိုး အသိအမှတ်ပြု



**နေပြည်တော် နိုဝင်ဘာ ၁၀**

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ ၂၆ ကြိမ်မြောက် အစည်းအဝေးကို ယနေ့ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (ပုံ) သက်ဆိုင်ရာ သီးနှံကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များ (Technical Working Group) နှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ (TSC) တို့က အဆင့်ဆင့်စိစစ်၍ တင်ပြလာသော စမ်းသပ်စိုက်ပျိုး အဖြေရရှိပြီး၊ သီးနှံ ခြောက်မျိုး၏ မျိုးသစ်မျိုးဖျား ၄၁ မျိုး၊ လိုအပ်သော အချက်အလက် အပြည့်အစုံဖြင့် တင်ပြလာသည့် သီးနှံ ၂၇ မျိုး၏ မျိုးသစ်မျိုးဖျား ၈၉ မျိုးနှင့် မိဘမျိုးလိုင်း ရှစ်စုံ စုစုပေါင်းမျိုးသစ် ၁၃၈ မျိုးကို မျိုးသစ်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး ဆောင်ရွက်ကြကြောင်း သိရသည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် မျိုးသစ်များမှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စံချိန်စံညွှန်းပြည့်မီသော မျိုးစေ့များ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေရန်၊ မျိုးသစ် အသိအမှတ်ပြု လက်မှတ်ရရှိပြီးသော သီးနှံမျိုးများကို တင်သွင်း၊ ဖြန့်ဖြူး၊ တင်ပို့ခြင်းလုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်စေရန်နှင့် မျိုးစေ့စီးပွားရေးလုပ်ငန်းများတွင် မသမာမှုများ ကာကွယ်နိုင်စေရန် မျိုးစေ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စိစစ်ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်ပေးလျက် ရှိသည်။

လက်ရှိအချိန်တွင် သီးနှံများ ဈေးကောင်းရရှိလာသောကြောင့် တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်မျိုးသစ်တွေကို ပြောင်းလဲသုံးစွဲဖို့ အသင့်ဖြစ်နေပြီး တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ ရည်ရွယ်ချက်များနှင့် ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များတွင်ပါဝင်သော **"တောင်သူလယ်သမားများ သွင်းအားစု မျိုးစေ့များကို လွယ်ကူအဆင်ပြေစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ပံ့ပိုးကူညီစီမံ ဆောင်ရွက်ရန်"** ဆိုသည့် ပြဋ္ဌာန်းချက်နှင့် အညီ တောင်သူများ မျိုးလိုအပ်ချိန်တွင် လိုအပ်သည့် မျိုးစေ့ပမာဏကို လွယ်ကူစွာ ဝယ်ယူရရှိနိုင်ရန် အလွယ်တကူ ချိတ်ဆက်နိုင်မည့် ကွန်ယက်တစ်ခု ဖန်တီးပေးရန် လိုအပ်လျက်ရှိကြောင်း၊ ယင်းအစည်းအဝေးတွင် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပြောကြားသည်။

သီးနှံများ မျိုးသစ်များနှင့် အရည်အသွေးမီမျိုးစေ့များကို ဖြန့်ဖြူးရာတွင် ပြည်ပနိုင်ငံများက မျိုးများကို လိုအပ်မှသာ ဝယ်ယူတင်သွင်းပြီး၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့က သီးနှံမျိုးသစ်များ မွေးမြူရေးနှင့် မျိုးသန့်ထုတ်လုပ်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေမြေဒေသနှင့် ကိုက်ညီပြီး စီးပွားရေးအရ တွက်ခြေကိုက်မည့် အရည်အသွေးကောင်း မျိုးစေ့များ ထုတ်လုပ်လာနိုင်ရေးအတွက် ပြည်တွင်းမျိုးစေ့ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များကိုလည်း အားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ပြောင်းလဲလာသည့် ရာသီဥတုဖြစ်စဉ်များကြောင့် စိုက်ပျိုးထုတ်လုပ်မှုများတွင် ထိခိုက်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးနှင့် ထိခိုက်မှုအနည်းဆုံး ဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်သည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ ၂၅ ကြိမ်မြောက် အစည်းအဝေးအထိ လယ်ယာသီးနှံ ၆၄၄ မျိုး၊ ဥယျာဉ်ခြံသီးနှံ ၇၄၈ မျိုး၊ စက်မှုသီးနှံ ၁၃၂ မျိုးနှင့် မိဘမျိုးလိုင်း ၁၈၇ စုံ၊ စုစုပေါင်း ၁၇၁၁ မျိုးကို မျိုးစေ့မှတ်ပုံတင်များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**

# သက်တမ်းတိုစပါး မျိုးရွေးချယ်ခြင်း တောင်သူများကိုယ်တိုင် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သော အထွက်ကောင်းစပါးမျိုးများ မျိုးရွေးချယ်ခြင်းအခမ်းအနားကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာတွင် ယနေ့ ကျင်းပသည်။ (ပုံ)



အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနက မွေးမြူထုတ်လုပ်သည့် ရွှေသွယ်ရင်၊ ရွှေရီတိုး၊ ရက်-၉၀ သက်တမ်းတိုစပါးမျိုးများကို တဲကြီးကုန်းကျေးရွာ တောင်သူစိုက်ကွင်းတွင် စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ယူစမ်းသပ် စိုက်ပျိုးထားခြင်းဖြစ်ပြီး မျိုးစေ့ချသည်မှ ပင်ပွားထွက်ချိန်၊ အနံ့ ထွက်ချိန်နှင့် ရေသွင်းရေထုတ်လုပ်ငန်းများအပါအဝင် စပါးပင်သက်တမ်းတစ်လျှောက်လုံးကို စောင့်ကြည့်မှတ်တမ်းကောက်ယူပြီး မရိတ်သိမ်းမီ ယခုကဲ့သို့ တောင်သူများကိုယ်တိုင် မိမိတို့နှစ်သက်သည့်မျိုးများကို ရွေးချယ်၍ မဲပေးစေသည့်စနစ်ဖြင့် မျိုးတစ်ခုချင်းစီ၏ တောင်သူအကြိုက်ညွှန်းကိန်းကို ကောက်ယူခြင်းဖြစ်သည်။

ကိန်းဂဏန်းသင်္ချာမက စပါးမျိုးများ၏ အရည်အချင်းလက္ခဏာအပေါ် တောင်သူ၏ ရွေးချယ်မှု အကြောင်းပြချက်မှတ်ချက်များကိုပါ မှတ်တမ်းတင်စာရင်းပြုစုသွားမည် ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သော စပါးမျိုး ရွေးချယ်ခြင်းသည် တောင်သူ့စိတ်ကြိုက် စပါးမျိုးများနှင့် ယင်းတို့၏ သတင်းအချက်အလက်များကို လျင်မြန် ထိရောက်စွာ သိရှိနိုင်ရန်နှင့် တောင်သူများကိုယ်တိုင် စပါးမျိုးသန့်မျိုးထုတ် စိုက်ပျိုးနိုင်သည့် အဆင့်အထိ ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သည်။

**MOALI ပြန်ကြားရေး**

ရှေ့ဖုံး-တစ်ခေတ်ဆန်းသစ် မှ

အတွက် ပင်အိုပင်ဟောင်းများကို အထွက်နှုန်းကောင်းမျိုးများဖြင့် အစားထိုး စိုက်ပျိုးကြရမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ဒေသအလိုက် ထောက်ခံထားသည့်မျိုးများအနက် တစ်ဧကလျှင် ပေါင် ၁၃၅၀ ခန့် ထွက်ရှိနိုင်သည့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးမှုသည် စိုက်ဧကအားလုံး၏ ၂၆ ဒသမ ၈၃ ရာခိုင်နှုန်းခန့်သာ ရှိသေးသည့်အတွက် စိုက်ခင်းသစ်များ ထူထောင်ရာတွင် အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးနိုင်ရေးနှင့် ဖူးဆက်ပျိုးပင်များ သုံးစွဲနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက် ရှိသည်။

ထို့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲအနေဖြင့်လည်း ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ ရော်ဘာအထွက်နှုန်းကောင်းစေရန်နှင့် အရည်အသွေးမီ ရော်ဘာများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် ဒေသနှင့်ကိုက်ညီဖြစ်ထွန်းမည့်မျိုးများ စမ်းသပ်ဖော်ထုတ်ခြင်း၊ အထွက်ကောင်းမျိုးများ ရွေးချယ်ခြင်း၊ ပြည်တွင်းမျိုးများ မျိုးစေ့ထုတ်ခြင်း၊ ပြည်တွင်းမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ ဆောင်ရွက်ခြင်း၊ ရော်ဘာအစေးအသား၏ အရည်အသွေးကို စမ်းသပ်ခြင်းနှင့် မြေတွင်ပါဝင်သော အာဟာရဓာတ်များကို သုတေသနပြု စမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရော်ဘာ၏အရေးပါမှုသည် နှစ်ပေါင်းများစွာ တည်ရှိနေမည်ဖြစ်ကာ ကမ္ဘာ့ဈေးကွက်တွင် ရော်ဘာအတုများက ရော်ဘာအစစ်ကို အစားထိုးမရနိုင်သဖြင့် ရော်ဘာစိုက်ပျိုးသည့် နိုင်ငံများအတွက် အခွင့်အလမ်းကောင်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။

ထို့ကြောင့် မြေလပ်၊ မြေလွတ်၊ မြေရိုင်း ပေါကြွယ်ဝခြင်း၊ ရော်ဘာတိုးချဲ့စိုက်ပျိုးရန် ရေ၊ မြေ၊ ရာသီဥတုသင့်လျော်မှုရှိခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် များစွာရရှိနေခြင်း စသည့်အားသာချက်များစွာရှိနေသောမြန်မာနိုင်ငံတွင် မြန်မာ့ရွှေဖြူဟု တင်စားခေါ်ထိုက်သည့် သဘာဝရော်ဘာကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ကာ တောင်သူတို့၏လူမှုစီးပွားသာမက နိုင်ငံ့စီးပွားကိုပါ မြှင့်တင်သွားကြရန် တွန်းလိုက်အပ်ပေသည်။

**ဇော်လင်းထွဋ်**

# ပေါ်ဆန်းရင်ဆန်သစ်များ ဈေးကွက်သို့စတင်ဝင်ရောက်



ကျိုက်လတ်မြို့နယ်က ထွက်ရှိသော ပေါ်ဆန်းရင်ဆန်အချို့ နိုဝင်ဘာလဆန်းမှ စတင်ကာ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်လာသည်။

ပေါ်ဆန်းရင် (အဟောင်း) တစ်အိတ်လျှင် ၁၁၅၀၀၀ ကျပ်နှင့် ပေါ်ဆန်းရင် (အသစ်) တစ်အိတ်လျှင် ၉၀၀၀၀ ကျပ်ဝန်းကျင် ပေါက်ဈေးရှိသည်။

လာမည့်ရက်များအတွင်း ရန်ကုန်ဈေးကွက်သို့ ဆန်များဝင်ရောက်လာမည်ဖြစ်ကြောင်း ဘုရင့်နောင်ပွဲရုံနယ်မြေ စိန်ပန်းလမ်းရှိ ဆန်ဂိုဒေါင်ရုံပိုင်ရှင် ဦးကျော်ကြီးက ပြောသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာတွင် တန်းမြင့် ပေါ်ဆန်းဆန် လက်ကားဈေးသည် စိုက်ပျိုးထွက်ရှိရာဒေသများဖြစ်သည့် (ဧရာဝတီနှင့် ရွှေဘိုဒေသ)တို့အပေါ် မူတည်၍ တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ မှ ၁၂၅၀၀၀ ကြားတွင် ရှိကြောင်း သိရသည်။

ရွှေဘိုပေါ်ဆန်း စပါး (အဟောင်း) တင်း ၁၀၀ လျှင် ကျပ် ၃၇ သိန်းကျော် ရှိပြီး၊ ဧရာဝတီပေါ်ဆန်းမှာ ကျပ် ၂၈ သိန်းခန့် ရှိမည်ဟု ခန့်မှန်းထားသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာတွင် ရည်ညွှန်းစပါး ဈေးနှုန်းများမှာ ဧရာဝတီပေါ်ဆန်း စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၆ သိန်းမှ ၁၈ သိန်းနှင့် ရွှေဘိုပေါ်ဆန်း ကျပ် ၁၈ သိန်းမှ သိန်း ၂၀ ဖြစ်ကြောင်း ဆန်စပါးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ယခုနှစ်တွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသထွက် ပေါ်ဆန်းရင် ဆန်တစ်အိတ်လျှင် ကျပ် ၃၀၀၀၀ အထိ မြင့်တက်လာပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ရွှေဘိုပေါ်ဆန်း (အသစ်) တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ မှ ၆၆၀၀၀ နှင့် ပေါ်ဆန်း (အဟောင်း) တစ်အိတ်လျှင် ကျပ် ၈၆၀၀၀ မှ ၉၂၀၀၀ အထိ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

စပါးဈေးမှာ ရွှေဘိုပေါ်ဆန်း (အသစ်) တင်း ၁၀၀ လျှင် ငွေကျပ် ၁၅ သိန်းခန့်မှ ၁၆ သိန်းနှင့် အဟောင်း တင်း ၁၀၀ လျှင် ကျပ် ၂၅ သိန်းမှ ၂၆ သိန်း ရှိနေသဖြင့် စားသုံးသူများက ပေါ်ဆန်း(အသစ်) ကိုသာ ပိုမိုဝယ်ယူကြကြောင်း သိရသည်။

**ဖုန်းမြတ်ဝင်းမောင်မောင်**

# မြန်မာ့ရော်ဘာ တန်ချိန် နှစ်သိန်းကျော် ပြည်ပတင်ပို့



မွန်ပြည်နယ် ရော်ဘာဈေးကွက်တွင် ရော်ဘာဈေးနှုန်းသည် တစ်ပေါင်လျှင် ကျပ် ၁၅၈၀ ခန့်ရှိသည်။

အောက်တိုဘာ ၁၈ ရက်တွင် မှိုင်းခံအဆင့် ၃ တစ်ပေါင်လျှင် ၁၉၇၀ ကျပ်နှင့် နေလှန်းရော်ဘာမှာ တစ်ပေါင်လျှင် ၁၇၇၀ ကျပ်ဖြင့် ဈေးမြင့်တက်ခဲ့သည်။

လက်ရှိ ရော်ဘာဈေးနှုန်းမှာ နေလှန်းရော်ဘာ တစ်ပေါင်လျှင် ၁၅၆၀ ကျပ်နှင့် မှိုင်းခံအဆင့် ၃ မှာ ၁၅၈၀ ကျပ်ရှိသည်။

ကမ္ဘာ့ရော်ဘာ ဝယ်လိုအားအပြင် အရှေ့တောင် အာရှနိုင်ငံများရှိ ရော်ဘာထုတ်လုပ်မှုနှင့် ဈေးကွက်ရောင်းလိုအားတို့သည် မြန်မာ့ရော်ဘာဈေးနှုန်းကို အထောက်အကူဖြစ်စေကာ မြန်မာနိုင်ငံ၏ ရော်ဘာအဓိကထုတ်လုပ်သော မွန်ပြည်နယ်ရှိ ရော်ဘာပေါက်ဈေးနှုန်းများသည် အဆိုပါအချက်များအပေါ် များစွာမူတည်နေကြောင်း ကုန်သည်များက ဆိုသည်။

မြန်မာ့ရော်ဘာထုတ်လုပ်မှုသည် တစ်နှစ်လျှင် တန်ချိန်ပေါင်း ၃၀၀,၀၀၀ ခန့်ရှိပြီး ထွက်ရှိသည့်ရော်ဘာ ၇၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့တင်ပို့ကာ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယ၊ ဂျပန်နှင့် အခြားနိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိသည်။

မြန်မာ့ရော်ဘာအသင်းအနေဖြင့် လက်ရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်ကစတင်၍ တန်ချိန်ပေါင်း ၃၀၀,၀၀၀ တင်ပို့နိုင်ရန် ရည်မှန်းထားသည်။ ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာ့ရော်ဘာထုတ်လုပ်မှုသည် တန်ချိန်ပေါင်း ၃၆၀,၀၀၀ ကျော်ရှိခဲ့ပြီး ရော်ဘာတန်ချိန် ၂၀၀,၀၀၀ ကျော်ကို ပြည်ပကုန်သွယ်မှု မိတ်ဖက်နိုင်ငံများသို့ တင်ပို့ခဲ့သည်။

ရော်ဘာကို မွန်၊ ကရင် ပြည်နယ်နှင့် တနင်္သာရီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် စိုက်ပျိုးထုတ်လုပ်သည်။ ၂၀၁၈-၂၀၁၉ ခုနှစ် ရော်ဘာစိုက်ပျိုးရာသီစာရင်းများအရ မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ဧက ၁ ဒသမ ၆၂၈ သန်း ကျော်ရှိပြီး၊ မွန်ပြည်နယ်တွင် ၄၉၇,၁၅၃ ဧက၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၃၄၈,၃၄၄ ဧကနှင့် ကရင်ပြည်နယ်တွင် ၂၇၀,၇၆၀ ဧကရှိကြောင်း သိရသည်။

**မြတ်ဖူးငုံဦး**

# ယူကရိန်းစိုက်ပျိုးရေးထွက်ကုန်များ ပို့ကုန်နည်းဥပဒေအသစ် အစိုးရထုတ်ပြန်

ယူကရိန်းနိုင်ငံသည် အစားအသောက်တင်ပို့ရာတွင် အခွန်ရှောင်ခြင်းကဲ့သို့သော ဥပဒေများကို အလွဲသုံးစားလုပ်ခြင်းမှ တားဆီးရန် စိုက်ပျိုးရေးပို့ကုန်ကုမ္ပဏီများအတွက် မဖြစ်မနေ မှတ်ပုံတင်ရမည့် ဥပဒေကို စိုက်ပျိုးရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁ ရက်တွင် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

စပါးနှင့် စားသုံးဆီများကဲ့သို့ ကုန်ပစ္စည်းများ တင်ပို့နိုင်ရန် စိစစ်အသိအမှတ်ပြုပြီး တင်ပို့သူများစာရင်းတွင် ကုမ္ပဏီများ ပါဝင်ရန် လျှောက်ထားရမည် ဖြစ်သည်။

အသိအမှတ်ပြု တင်ပို့ရောင်းချသူများစာရင်းတွင် ပါဝင်ရန်အတွက် လုပ်ငန်းတစ်ခုသည် ပြည်နယ်စိုက်ပျိုးရေး မှတ်ပုံတင်စာရင်းတွင် စာရင်းသွင်းရမည်ဖြစ်ပြီး သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်ဖြစ်သည်။

ကုမ္ပဏီသည် တန်ဖိုးမြှင့်



အခွန်ပေးဆောင်သူအဖြစ် မှတ်ပုံတင် ထားရမည်ဖြစ်ပြီး အခွန်ကြွေးကျန်များ (သို့မဟုတ်) နိုင်ငံခြားငွေဖြင့် ပြန်လည်လဲလှယ်ရာတွင် နှောင့်နှေးမှုများ မရှိစေရန် ၄င်းတို့ကို လုပ်ငန်းမစတင်မီကပင် တန်ဖိုးမြှင့် အခွန်ပေးဆောင်သူအဖြစ်လည်း မှတ်ပုံတင်ထားရမည် ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းစတင်ချိန်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်ကြားတွင် အနည်းဆုံး တင်ပို့မှုတစ်ခု အောင်မြင်စွာ တင်ပို့နိုင်ခဲ့ကြောင်း အတည်ပြုသည့် ဘဏ်စာရွက်စာတမ်းများ တင်ပြပေးရမည် ဖြစ်သည်။

အဆိုပါ စည်းမျဉ်းများသည် စွန့်ဦးလုပ်ငန်းရှင်များ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ဆိုသည်။

ထိုသို့ စည်းမျဉ်းများပြောင်းလဲမှုသည် ပို့ကုန်လုပ်ငန်းရှင်များအတွက် နောက်ထပ်နှောင့်နှေးမှုများ ဖြစ်စေနိုင်ကြောင်း Bloomberg က အောက်တိုဘာ ၂၇ ရက်တွင် ဖော်ပြထားပြီး မြစ်ကြောင်းနှင့် ပင်လယ်ဆိပ်ကမ်းများကို အသုံးပြုသူများသည် ထိပ်ပိုင်း ပိတ်ဆို့မှုများ၊ ရာသီဥတုဆိုးဝါးမှုနှင့် ရုရှားတို့၏ တိုက်ခိုက်မှုများကြောင့် ရက်သတ္တပတ်များစွာ နှောင့်နှေးခဲ့သည်။

ယူကရိန်း ပင်လယ်နက်ဆိပ်ကမ်းများကို ရုရှား၏ ပိတ်ဆို့တားဆီးမှုနှင့် ဒင်ညူမြစ်ပေါ်ရှိ ဆိပ်ကမ်းအဆောက်အအုံများကို တိုက်ခိုက်ခြင်းကြောင့် ပို့ကုန်ပမာဏ သိသိသာသာ လျော့နည်းသွားခဲ့ပြီး လယ်ယာထွက်ကုန်များ တင်ပို့မှုမှာလည်း တစ်နှစ်ထက်တစ်နှစ် ထက်ဝက်နီးပါး ကျဆင်းခဲ့ကြောင်း အစိုးရ၏ အချက်အလက်များအရ သိရသည်။

စက်တင်ဘာတွင် ယူကရိန်းနိုင်ငံက လယ်ယာထွက်ကုန် မက်ထရစ်တန် ၃ ဒသမ ၆၄ သန်းသာလျှင် တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် အလားတူကာလ တန်ချိန် ၆ ဒသမ ၈၇ သန်းထက် ကျဆင်းခဲ့သည်။

လယ်ယာထွက်ကုန် တင်ပို့မှုသည် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာတွင် မက်ထရစ်တန်ချိန် ၄ ဒသမ ၂၂ သန်းမှ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာတွင် မက်ထရစ်တန်ချိန် ၂ ဒသမ ၁၅ သန်းအထိ ကျဆင်းသွားခဲ့ကာ ယူကရိန်းသည် ပင်လယ်နက်ရှိ ယာယီဆိပ်ကမ်းကို အသုံးပြု၍ စိုက်ပျိုးရေးထွက်ကုန် မက်ထရစ်တန်တစ်သန်းကျော် တင်ပို့နိုင်ခဲ့သည်။

အိမ်နီးချင်း ရိုမေးနီးယားနှင့် ပိုလန်တို့သည် ယခုအခါ ယူကရိန်းသီးနှံများအတွက် အရေးပါသော သယ်ယူပို့ဆောင်ရေးနိုင်ငံများအဖြစ် ဆောင်ရွက်နေပြီး ယူကရိန်းသီးနှံ တင်ပို့မှု စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းနီးပါးသည် ရိုမေးနီးယားမှတစ်ဆင့် ဖြတ်သန်းနေကြောင်း သိရသည်။

**ဟေမာန်အောင်မင်း**

## အိုင်ယာလန်တွင် အာလူးဖော်ချိန် စိုက်ခင်းများ ရေကြီးနစ်မြုပ်

ယခုနှစ် အာလူးဖော်ချိန်တွင်လည်း အာလူးခင်းများ ရေကြီးနစ်မြုပ်နေ၍ အိုင်ယာလန် အာလူးစိုက်တောင်သူများ ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ပွားနေကြသည်။

အာလူးဖော်ချိန်တွင် ရေဝပ်နေသဖြင့် အာလူးများ ပုပ်သိုးပျက်စီးသွားစေသည်။ ထို့ပြင် ရေထဲတွင် သုံးရက်ထက် ပိုမိုနစ်မြုပ်နေပါကလည်း ပုပ်သိုးသွားမည်ဖြစ်သည်။ အချို့အာလူးများမှာ တူးစဥ်ပင် ထောပတ်သဖွယ် ပျော့အိရှိရွဲကာ အနံ့အသက်ဆိုးများပင် ထွက်နေသည်။

ထိုကဲ့သို့အခြေအနေမျိုးသည် တိရစ္ဆာန်အစာအဖြစ်ပင် အသုံးပြုရန်မသင့်တော့ဘဲ အသုံးပြုမိပါက တိရစ္ဆာန်များ ကျန်းမာရေးထိခိုက်မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် အာလူးသီးနှံ ၅၀ ရာခိုင်နှုန်းခန့်သည် မြေပြင်၌ ရှိနေဆဲဖြစ်ပြီး စိုက်ခင်းအခြေအနေမှာ မြေပျော့သဖြင့် စက်ယန္တရားများ နစ်နေခြင်းနှင့် အမှိုက်များဖြင့် ပိတ်ဆို့နေခြင်းတို့ ဖြစ်ပေါ်နေသည့်ပြင် လာမည့်ရက်များ၌ မိုးရွာသွန်းမှု ပိုမိုများပြားမည်ဟု ခန့်မှန်းထားသဖြင့် တောင်သူများသည် ဆုံးရှုံးမှုများစွာကို ရင်ဆိုင်ရင်းနှင့်ပင် အာလူးတူးဖော်နိုင်မည့်အခြေအနေကို စောင့်ဆိုင်းလျက်ရှိကြသည်။

Oakpark ရွာရှိ Teagasc ကုမ္ပဏီက အာလူး သီးနှံကျွမ်းကျင်သူကပြောကြားရာတွင် မြေပြင်၌ သီးနှံများ ယခုကဲ့သို့ ပမာဏများစွာ ကျန်ရှိနေခြင်းသည် ဤဒေသ၌ နှစ် ၂၀ အတွင်း ပထမဆုံး အတွေ့အကြုံဖြစ်ပြီး၊ ဤကဲ့သို့ စိုက်ပျိုးရန် မသင့်သည့် ရေကြီးနစ်မြုပ်ဧရိယာများ၌ စိုက်ပျိုးခြင်းမပြုဘဲ အမှန်တကယ် စိုက်ပျိုးနိုင်သည့် ဧရိယာများ၌သာ အားသွန်ခွန်စိုက် ကြိုးပမ်းကာ စိုက်ပျိုးထုတ်လုပ်သင့်ကြောင်း ဆိုသည်။

မျိုးစေ့ချခြင်း၊ စိုက်ခင်းပြုစုခြင်း၊ ဆေးဖျန်းခြင်းစရိတ်နှင့် တူးဖော်ခြင်းလုပ်ငန်းများ အပါအဝင် ယခုနှစ် အာလူးတစ်ဟက်တာ စိုက်ပျိုးစရိတ်သည် ယူရို ၁၀၅၀၀ ခန့် ကုန်ကျပြီး၊ ဆုံးရှုံးမှု ပိုမိုဆိုးဝါးလာပါက တောင်သူများအနေဖြင့် ငွေကြေးထိခိုက်မှုဒဏ်ကို ခံနိုင်ရည်ရှိတော့မည်မဟုတ်ကြောင်း သိရသည်။

ထို့ကြောင့် လာမည့်နှစ်တွင် အာလူးပြတ်လပ်မှုဖြစ်နိုင်သည်ဟု ခန့်မှန်းထားကြသည်။ အခြားနှစ်များတွင် ယခုအချိန်၌ သိုလှောင်ရုံများ၌ ပြည့်လျှံနေပြီဖြစ်သော်လည်း ယခုနှစ်တွင်မူ လုံးဝမသိုလှောင်ရသေးသော သိုလှောင်ရုံများလည်း ရှိနေသေးကြောင်း သိရသည်။ **နှင်းရီဝင်း**

## ၂၀၂၄ ခုနှစ်အတွက် ဂျုံ၊ ပြောင်းနှင့် ဆန်သွင်းကုန်ခွဲတမ်းများ တရုတ်ထုတ်ပြန်

တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း ဂျုံ၊ ပြောင်းနှင့် ဆန်တင်သွင်းမှုများအတွက် Tariff Rate Quotas (TRQ) ကို ယခင်ပမာဏအတိုင်း ဆက်လက်သတ်မှတ်ခဲ့ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြုပြင် ပြောင်းလဲရေးကော်မရှင် (National Development and Reform Commission - NDRC)၏ တရားဝင်ဝက်ဘ်ဆိုဒ်မှ သိရသည်။

၂၀၂၄ ခုနှစ်အတွက် ပြောင်းတင်သွင်းခွင့် Quota သည် ယခင်နှစ်အတိုင်း မက်ထရစ်တန် ၇ ဒသမ ၂ သန်းဖြစ်ပြီး အဆိုပါ ပမာဏအနက် ၆၀ ရာခိုင်နှုန်းကို နိုင်ငံပိုင်လုပ်ငန်းများကိုတင်သွင်းခွင့်ပြုသည်။

ဂျုံတင်သွင်းခွင့် Quota သည်လည်း ယခင်နှစ်အတိုင်း မပြောင်းလဲဘဲ မက်ထရစ်တန် ၉ ဒသမ ၆၃၆ သန်းဖြစ်ပြီး၊ နိုင်ငံပိုင်လုပ်ငန်းများသည် ထိုပမာဏ၏ ၉၀ ရာခိုင်နှုန်းကို တင်သွင်းခွင့်ရရှိကြောင်း သိရသည်။

ထို့အတူ ၂၀၂၄ အတွက် ဆန်တင်သွင်းခွင့် Quota မှာ မက်ထရစ်တန်ချိန် ၅ ဒသမ ၃၂ သန်း သတ်မှတ်ထားပြီး၊ Long grain rice တန်ချိန် ၂ ဒသမ ၆၆ သန်းနှင့် တန်ချိန် ၂ ဒသမ ၆၆ သန်းဖြစ်ကာ အဆိုပါပမာဏ၏ ၅၀ ရာခိုင်နှုန်းကို နိုင်ငံပိုင်လုပ်ငန်းများကို တင်သွင်းခွင့်ပြုမည် ဖြစ်သည်။

အကောက်ခွန်နှုန်းသက်သာစွာဖြင့် တင်သွင်းခွင့်ပြုသည့်ခွဲတမ်း (Tariff Rate Quotas - TRQ) သည် တရုတ်အစိုးရက ဂျုံ၊ ပြောင်းနှင့် ဆန်များကို ပုံမှန်အကောက်ခွန်နှုန်းထက် သက်သာစွာဖြင့်နိုင်ငံအတွင်းသို့ တင်သွင်းခွင့်ပြုသော ပမာဏသတ်မှတ်ပေးသည့်စနစ်တစ်ခုဖြစ်ကြောင်း သိရသည်။

TRQ ၏ ရည်ရွယ်ချက်မှာ တရုတ်ပြည်တွင်း၌ အဆိုပါ လယ်ယာထွက်ကုန်သုံးမျိုးကို အမြောက်အမြား တင်သွင်းခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုကို တားဆီးရန်ဖြစ်သည်။ **ကေခိုင်ကျော်**



# ကျယ်ပြန့်လာသော မန်ကျည်းဈေးကွက်

ဆွေရည်

**မန်ကျည်းသီးတွေရဲ့ ဈေးကွက်ဟာ နှစ်စဉ် နွေဦးရာသီမှာ စတင်ပြီး၊ ပေါ်ဦးပေါ်ဖျား ဈေးဖွင့်ရောင်းချကြပါတယ်။ မတ်၊ ဧပြီရောက်ရင် ရွက်နုတွေဝေပြီ။ ရွက်သစ်တွေက ကြွေတဲ့ရွက်ဟောင်းတွေနေရာမှာ အစားထိုးထွက်လာကြပြီ။ ဒီအခါ မန်ကျည်းရွက်နုခူးပြီး ဈေးကွက်ထဲရောက်လာပြီ။ ပေါ်စမှာ ဈေးကြီးတော့ နည်းနည်းပဲ စားနိုင်ကြသေးတယ်။ မေနဲ့ဇွန်မှာ မန်ကျည်းအဖူးတွေ ထွက်လာတော့ မန်ကျည်းဖူးတွေ လက်နဲ့လုံးဆုပ်ပြီး ရောင်းကြပြန်တယ်။ အဖူးပြီးတော့ အပွင့်ထွက်လာတော့လည်း မန်ကျည်းပွင့်သုပ် စားကြသေးတယ်။ အခိုင်လိုက်ပွင့်တဲ့ မန်ကျည်းတွေက မန်ကျည်းသီးစိမ်းဈေးကွက် ပြီးတော့ မန်ကျည်းသီးမှည့်ဈေးကွက်ဆိုပြီး တစ်ပင်လုံး အသုံးဝင်တဲ့ မန်ကျည်းပင်ဟာ အခုလို ရွက်နု၊ အဖူး၊ အပွင့်၊ မန်ကျည်းသီးစိမ်းအနုလေးတွေ မန်ကျည်းသီးစိမ်း အရင့်တောင့်တွေ အမှည့်အတောင့်တွေ ဈေးကွက်မျိုးစုံရှိတယ်။ အညာမှာ မန်ကျည်းသီးအတောင့်မှည့် အခွံခွာပြီး အတောင့်လိုက်ရောင်းတာလည်း ရှိတယ်။ ဈေးကွက်ထဲမှာ အစေ့မပါ (အသား) အစေ့လွတ်မန်ကျည်းသားဈေးကွက်နဲ့ အစေ့ပါ (အလုံး) ဈေးကွက်ဆိုပြီး ရောင်းချကြပါတယ်။**

မန်ကျည်းပင်တစ်ပင်က တစ်နှစ်ကို မန်ကျည်းသီးမှည့် ပိဿာ ၅၀ မှ ပိဿာ ၁၀၀ ကျော်ရကြတယ်။ အညာဒေသကတော့ မန်ကျည်းပင်ပေါများပြီး၊ မန်ကျည်းထွက်ကုန်မျိုးစုံကို စားသုံးနေကြတာပါ။ မန်ကျည်းသီးမှည့် ဈေးကွက်ကောင်းမကောင်းက ဝါထပ်တဲ့နှစ်ဖြစ်ရင် ထွက်ချိန်နည်းပါးတယ်။ ပြီးတော့ မိုးဦး၊ မိုးလယ်၊ မိုးနှောင်းမှာ၊ မိုးနှောင်း မိုးခေါင်ခဲ့ရင် မန်ကျည်းပင်က အသီးအတောင့်ထွက်တာ နည်းတတ်တယ်။ ဒါပေမယ့် အညာဆိုတာက မိုးဦးထက် မိုးလယ်နဲ့မိုးနှောင်းက မိုးကောင်းတတ်တာများပါတယ်။ မိုးနှောင်းမိုးခေါင်ရင်တော့ မန်ကျည်းသီးမှည့် အထွက်နှုန်း သိသိသာသာကျဆင်းတယ်လို့ ရမည်းသင်းနဲ့ တပ်ကုန်းမြို့နယ်က ပွဲရုံတွေက ပြောကြတယ်။ အဲဒီဒေသက မန်ကျည်းသီးမှည့်ကို ရန်ကုန်နဲ့မန္တလေးဈေးကွက် ပို့တာပဲ။ အဲဒီဈေးကွက်နှစ်ခုကနေ ပြည်ပဈေးကွက် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နဲ့ စင်ကာပူပို့တာလည်း ရှိတယ်။ စာရင်းတွေက ရှာရသလောက်ဆိုရင် ၂၀၁၁ -၂၀၁၂ ခုနှစ်မှာ မန်ကျည်းသီးမှည့် မက်ထရစ်တန်ချိန်ထောင်ပေါင်း ၁၇ ဒသမ ၂ တန်၊ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ မက်ထရစ်တန်ချိန်ထောင်ပေါင်း ၅ ဒသမ ၉ တန်လို့ ရှာတွေ့တယ်။ ပြည်ပရောက်တဲ့ မြန်မာမန်ကျည်းသီးမှည့်တွေက ပြည်တွင်းကို တစ်ဖန်ကုန်ချောအဖြစ် ဝင်ရောက်လာတာလည်း ရှိတယ်လို့လည်း သိရှိရတယ်။ ဒေသအလိုက် ခရမ်းချဉ်သီး၊ မရမ်းသီးတွေကို စားသုံးကြသလို မန်ကျည်းသီးမှည့်ကလည်း တစ်နှစ်ပတ်လုံးထားပြီး အမျိုးမျိုး ပြည်တွင်းမှာ စားသုံးကြပါတယ်။

မန်ကျည်းသီးမှည့်ဈေးကျရင် မန်ကျည်းလုပ်ငန်းဆက်စပ်နေတာက တောင်သူတွေ၊ ပွဲရုံတွေ၊ အဝယ်ဒိုင်တွေ တင်မကပါဘူး။ ခူး၊ ခွေ၊ ကောက်၊ အစေ့ထုတ်လုပ်တဲ့ လုပ်သားတွေလည်း ထိခိုက်တာပါပဲ။ အညာကျေးရွာတွေမှာ မန်ကျည်းသီးမှည့်ပေါ်ချိန်၊ နွေရာသီ တောင်သူတွေရဲ့ ရာသီပေါ်လုပ်ငန်းက မန်ကျည်းထုလုပ်ငန်း ဖြစ်နေတယ်။ နေအိမ်နဲ့ ပွဲရုံတွေမှာ မိသားစုလိုက်လုပ်ကိုင်ကြသလို မြို့နဲ့ပတ်ဝန်းကျင်ကျေးရွာတွေကလည်း ပွဲရုံကိုလာပြီး လုပ်ကိုင်ကြတယ်။ မန်ကျည်းသီးအကြမ်းနဲ့ မန်ကျည်းသီးအချော ဆိုပြီး (မန်ကျည်းမှည့်ကြမ်း၊ ချော)ပြန်ရောင်းတယ်။ မန်ကျည်းသီးထုရင်း၊ ခွာထုတ်ပစ်ရတဲ့ မန်ကျည်းအကြော



ကိုလည်း ဘေးထွက်ပစ္စည်းအဖြစ်နဲ့ ပြန်ရောင်းတယ်။ မန်ကျည်းအစေ့ကိုလည်း ပြန်ရောင်းပြန်ဝယ် ဈေးကွက်ရှိတယ်။ မန်ကျည်းသီး ထုခွဲတဲ့လုပ်ငန်းက မိုးမကျခင်ကာလအထိ လုပ်ကိုင်နေကြရတော့ တောင်သူတွေဟာ ဒီလုပ်ငန်းနဲ့ဝင်ငွေရကြတာကို မန္တလေးတိုင်းဒေသကြီးထဲက ပွဲရုံတွေမှာ ရှိနေတယ်။ ဖေဖော်ဝါရီလဆန်းပိုင်းကစလို့ လုပ်ငန်းဝင်ကြတာ၊ မိုးမကျခင်အထိ ဖြစ်တယ်။ ကျောက်ပန်းတောင်းမြို့ဆိုရင် ပွဲရုံကြီး၊ ပွဲရုံငယ်တွေ အများကြီး ၆၀ ကျော်၊ ၇၀ ကျော်ရှိတာမို့ မြို့ပတ်ဝန်းကျင်ရွာတွေဟာ မနက်မိုးလင်းရင် ပွဲရုံကိုလာပြီး အလုပ်ဝင်ကြပြီ။ ညနေပြန်ကြတယ်။ နောက်တစ်နေ့ပြန်ရောက်လာကြပြန်တယ်။ မန္တလေးဈေးကွက်လည်း ကြီးမားတယ်။ ရမည်းသင်း၊ တပ်ကုန်း၊ မိတ္ထီလာဘက်ကလည်း ကုန်ကြမ်းဝင်တယ်။ ပခုက္ကူကလည်း ကုန်ကြမ်းဝင်တယ်။ အစေ့လွတ် (မန်ကျည်းသား)၊ အစေ့ပါ မန်ကျည်းဆိုပြီး ဈေးနှုန်းခွဲခြားထားတယ်။ မန်ကျည်းသီးအထွက်နည်းတဲ့နှစ်မျိုးမှာ ဈေးကွက်က စောင့်ပြီးဝယ်ကြရတယ်။ အထွက်ကောင်းတဲ့နှစ်ဆိုရင် ကုန်သည်တွေ၊ ဝယ်လက်တွေက ရွာအရောက်ဆင်းပြီး ဝယ်ကြလေ့ရှိတယ်။ နွေအကုန်၊ မိုးရာသီအကူးကာလမှာတော့ မန်ကျည်းက ရှားလာပြီ။ လှောင်ဖို့ ဝယ်မယ့်သူတွေ များလာပြီ။ နယ်စုံဒေသစုံက မန်ကျည်းသီးမှည့်တွေ များများဝင်လာတတ်ချိန်က သင်္ကြန်မတိုင်ခင်ကာလဖြစ်တယ်။ ရမည်းသင်း၊ ကျောက်ပန်းတောင်း၊ ပခုက္ကူ၊ မကွေး၊ မင်းဘူး၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာဘက်က အများဆုံး မန္တလေးပွဲရုံတွေ ဝင်လာတယ်။ မန်ကျည်းက တစ်နှစ်မှာ တစ်ကြိမ်သာ နွေဦးပေါက် ခူးဆွတ်ရောင်းကြရတာဖြစ်လို့ တောင်သူတွေလုပ်ငန်းနားချိန်မှာ မန်ကျည်းက ဝင်ငွေရကြတယ်။ မကွေးနဲ့မင်းဘူးမြို့နယ်မှာ ဧရာဝတီမြစ်အနောက်ကမ်းဒေသ ကျေးရွာတွေက မန်ကျည်းအများဆုံး၊ မကွေးမြို့ ဈေးထဲရောက်လာကြတယ်။ မန်ကျည်းအသစ်တွေဝင်လာတော့ မန်ကျည်းအဟောင်းတွေ ဈေးကောင်းပြီး ဈေးပြောင်းသွားတယ်။ အခွံချွတ်၊ အစေ့ထုတ်၊ အကြောစင်၊ မန်ကျည်းသားအချောပြင်တဲ့လုပ်ငန်းတွေ၊ မန်ကျည်းအကြမ်းကို ပြန်လည်သန့်စင်ရတဲ့လုပ်ငန်းတွေ၊ ရေမပါဘဲ ခြောက်နေတဲ့မန်ကျည်းမှည့်တွေ ရအောင်လုပ်ငန်းဟာ မန်ကျည်းဈေးကွက်ထဲမှာ ရှိနေပါတယ်။

ညောင်ဦးနဲ့ ကျောက်ပန်းတောင်းက ယာလုပ်ငန်းတွေများတယ်။ ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲစိုက်ကြရာမှာ ရာသီဥတုမကောင်းရင် အထူးသဖြင့် မိုးရွာမှု နည်းပါးရင် ယာထက် နှစ်ရှည်စိုက်ထားရတဲ့ မန်ကျည်းပင်က ငွေရကြတဲ့အတွက် တောင်သူတွေက မန်ကျည်းပင်တွေ စိုက်ထားကြတယ်။ **“မန်ကျည်းတစ်လှည့်၊ ဆီးတစ်လှည့်”** ဆိုစကားရှိသလို မန်ကျည်းမဟန်ရင် ငွေရအောင် ဆီးပင်လည်း စိုက်ကြရသေးတယ်။ ဆီး(ဇီး)သီးကလည်း အသား၊ အစေ့၊ အခွံမကျန် အကုန်လုံးရောင်းရတာဆိုတော့ မန်ကျည်းကောင်းလိုက်၊ ဆီးကောင်းလိုက်နဲ့ ယာသီးနှံထက် ဟန်ကျတယ်။ နွေမှာ မန်ကျည်းပင်ကလည်း အရိပ်ရတယ်။

စာ – ၁၈ သို့

# ဆောင်းသီးနှံနှင့် နွေသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအရှိန်မပျက်ရေး ဆင်သေချောင်းတွင် ယာယီချောင်းပိတ်ဆည် တည်ဆောက်ပေး

**နေပြည်တော် နိုဝင်ဘာ ၁၂**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆောင်းသီးနှံနှင့် နွေသီးနှံများ၏ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးအတွက် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအနီးရှိ ဆင်သေချောင်းတွင် ယာယီ ချောင်းပိတ်ဆည် တည်ဆောက်လျက်ရှိကြောင်း သိရသည်။ (ပုံ)



အဆိုပါယာယီချောင်းပိတ်ဆည် တည်ဆောက်ပြီးစီးပါက ကျောက်ချက်တံတားအောက်ရှိ ဆင်သေချောင်းတွင် ရေထိန်းထားနိုင်မည်ဖြစ်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေးအပြင် ယခုနှစ်အယ်နီညိုရာသီဥတုဖြစ်စဉ် ကြောင့် နွေကာလ စိုက်ပျိုးရေး မလုံလောက်မှု မဖြစ်ပေါ်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဆိုလာရေတင်စနစ်ဖြင့် လယ်မြေဧက ၁၀၀ ခန့်အား စိုက်ပျိုးရေပေးဝေနိုင်မည် ဖြစ်သည်။

ထို့ပြင် ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာအနီးတွင် အကောင်အထည်ဖော်လျက်ရှိသော ငလိုက်ဆည်ရေသောက်စနစ်တွင် ယခင်က ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု နည်းပါးခဲ့ခြင်းကြောင့် ရေပေးဝေနိုင်မှုမရှိခဲ့သော မြောင်းအဖျားပိုင်း စိုက်ပျိုးမြေဧက ၇၀၀ ကို ပေါင်းလောင်းမြစ်မှ ရေကူဖြည့်သွင်း၍ စိုက်ပျိုးရေပေးဝေနိုင်ရေး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပို့ကုန်တိုးမြှင့်စေရန် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိပြီး တစ်ဧကချင်း၏ ထုတ်လုပ်မှု တိုးတက်ရေး၊ သီးထပ်စွမ်းအားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေး ရရှိရေးလုပ်ငန်းများ အပါအဝင် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

**MOALI ပြန်ကြားရေး**



MMF တောင်သူ့ဆန္ဒ ဒို့ဆန္ဒ Marubeni Myanmar Fertilizer Co.,Ltd. လိပ်စာ - အမှတ် (B/23)၊ သီလဝါအထူးစီးပွားရေးဇုန် (A)၊ သန်လျင်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ - ၄၅၇၃၄၄၄၀၀၊ ၀၉ - ၄၅၇၃၅၅၅၀၀
PV231

| စဉ် | မြေသြဇာအမည် | ယူနစ် | | နေပြည်တော် | ရန်ကုန် | မန္တလေး | ပဲခူး | မကွေး | စစ်ကိုင်း | ဧရာဝတီ | ကယား | ကရင် | မွန် | ရခိုင် | ရှမ်း (တောင်) | ရှမ်း(မြောက်) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | တစ်ယူနစ်ပမာဏ | | | | | | | | | | | | | |
| ၁ | ရွှေမြေသီး (20:10:10) | အိတ် | ၂၅ ကီလို | ၉၅,၀၀၀ | ၉၀,၀၀၀ | ၉၅,၀၀၀ | ၉၂,၀၀၀ | ၉၄,၀၀၀ | ၉၅,၀၀၀ | ၉၂,၀၀၀ | ၁၀၀၀၀၀ | ၉၈,၀၀၀ | ၉၈,၀၀၀ | ၉၈,၀၀၀ | ၉၆,၀၀၀ | ၉၇,၀၀၀ |
| ၂ | ရွှေမြေသီးကယ်လ်ဆီယမ်ဆီလီကာဖြည့်စွက်မြေသြဇာ | အိတ် | ၅၀ ကီလို | ၂၇,၀၀၀ | ၂၅,၀၀၀ | ၂၇,၀၀၀ | ၂၆,၀၀၀ | ၂၇,၀၀၀ | ၂၇,၀၀၀ | ၂၆,၀၀၀ | ၃၀,၀၀၀ | ၃၀,၀၀၀ | ၃၀,၀၀၀ | ၃၀,၀၀၀ | ၂၈,၀၀၀ | ၂၈,၀၀၀ |



# ပင်လုံ မိုးစပါး စံပြကွက် တစ်ဧကတင်း ၁၀၀ ကျော် ထွက်ရှိ

ရှမ်းပြည်နယ် နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လုံမြို့ရှိ ပင်လုံ အရှေ့အုပ်စု တောင်သူ ဦးဆံကောင်း၏ လယ်မြေ သုံးဧကတွင် တိုက်ရိုက် မျိုးစေ့ချ ကိရိယာဖြင့် စိုက်ပျိုးထားသော မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး စံပြကွက်က တစ်ဧက ၁၀၇ တင်း ထွက်ရှိကြောင်း ပင်လုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

အဆိုပါစံပြကွက် ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၀ ရက်က ပြုလုပ်ရာ လွိုင်လင်ခရိုင်၊ ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်စီမံကိန်း တာဝန်ခံ၊ မြေ၊ မျိုး၊ ပိုး တာဝန်ခံများ၊ ပင်လုံမြို့နယ် အုပ်ချုပ်ရေးမှူးနှင့်တောင်သူများ တက်ရောက်ခဲ့ကြသည်။

"စံပြကွက်ကို ရွှေရင်အေး စပါးမျိုး တိုက်ရိုက်အစေ့ချစနစ်နဲ့ စိုက်ပျိုး ခဲ့တာပါ။ အထွက်နှုန်းက တစ်ဧကကို အစို ၁၂၅ တင်း၊ အခြောက် ၁၀၇ တင်း ထွက်ပါတယ်။ အခုလို အထွက်နှုန်းကောင်းဖို့ အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ယူရီးယားဓာတ်မြေဩဇာများ ထောက်ပံ့ပေးပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ကတော့ စတင်ထွန်ယက်ချိန်ကစပြီး ရိတ်သိမ်းတဲ့အချိန်အထိ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ပံ့ပိုးပေးပါတယ်။"ဟု ပင်လုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးကျော်စိုးမိုးက ပြောသည်။


မိုးစပါးစံပြကွက်က ထွက်ရှိသော မျိုးကောင်းမျိုးသန့် မျိုးစပါးများကို ဒေသခံ တောင်သူများကို ပြန်လည်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ KL

## ပခန်းကြီးဒေသ၏

INGO အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခု ဖြစ်သည့် OISCA (ဝိုက်စကာ၊ The Organization for Industrial, Spiritual and Cultural Advancement) သည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ ခရိုင်၊ ရေစကြိုမြို့နယ်၊ ပခန်းကြီး ဒေသတွင် တည်ရှိပြီး "စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း" ဖွင့်လှစ်၍ Organic စိုက်ပျိုးရေး၊ မွေးမြူရေး၊ အပင်အားဆေးနှင့် စားသောက်ကုန် ပြုလုပ်နည်းများကို စိတ်ပါဝင်စားသူ လူငယ်များအား လျှောက်လွှာများခေါ်ယူ၍ စာတွေ့လက်တွေ့ ပညာပေးကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ဖြန့်ဝေပေးလျက်ရှိသည်။

Dapog Method (ပျိုးဖျာလိပ်နည်း)ဖြင့် စပါးပျိုးထောင်ရာတွင် ကွန်ကရစ်အခင်းပေါ် (သို့မဟုတ်) အပေါက်များ ဖောက်ထားသော ပလတ်စတစ်အခင်းပေါ်တွင် ပြုလုပ်ရကြောင်း၊ မြေခံစပ်မြေအဖြစ် ဘိုကာရှီ၊ နွားချေး၊ နုန်းမြေတို့ကို ရောစပ်အသုံးပြုကြောင်း၊ အနံ သုံးပေ× အလျား နှစ်ပေ ပျိုးခင်းအတွက် ပျိုးမြေ သုံးပြည်လိုအပ်ပြီး၊ စပါးမျိုးစေ့နှစ်ဗူး ညီညာစွာကြဲပက်ရမည်ဖြစ်ကြောင်း သိရသည်။ စပါးခင်းတစ်ဧက စိုက်ရန်အတွက် အနံသုံးပေ×အလျား ၆၅ ပေ ပျိုးခင်း လိုအပ်ကြောင်း မျိုးစေ့ရှစ်ပြည် ကြဲပက်ပျိုးထောင်ရကြောင်းနှင့် ပျိုးခင်းအား ရေဖျန်း






OISCA (ဝိုက်စကာ) သင်တန်းကျောင်းသည် မိုးရာသီတွင် နှစ်စဉ်နှစ်တိုင်း ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့် ပခန်းရွှေဝါ စပါးမျိုးကိုသာ စိုက်ပျိုးလျက်ရှိပြီး Dapog Method (ပျိုးဖျာလိပ်နည်း) ဖြင့် ပျိုးထောင်ခြင်းနှင့် Organic နည်းဖြင့် စပါးစိုက်ပျိုးနည်းစနစ်များကို ပညာပေးဆောင်ရွက်လျက်ရှိပြီး ဒေသအသီးသီးသို့ ပခန်းရွှေဝါ စပါးမျိုးသန့်များအား

ပုံးဖြင့် တစ်နေ့နှစ်ကြိမ် မှ သုံးကြိမ် ရေဖျန်းပေးရန် လိုအပ်ကြောင်း သိရသည်။

စပါးပျိုးထောင်ပြီးနောက် ပျိုးသက် ၁၂ ရက်သားတွင် စိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးကြောင်း၊ တန်းကြား ၁၀ လက်မနှင့် ပင်ကြားရှစ်လက်မဖြင့် စိုက်ပျိုးကြောင်း၊ မြေခံအဖြစ် စိုက်ပျိုးမြေတစ်ဧကတွင် ဘိုကာရှီမြေဩဇာ ၃၀၀ ကီလိုဂရမ် ထည့်သွင်းကြောင်း၊ စိုက်ပြီး ၁၅

# မိုးစပါးနှင့် မိုးနေကြာ မျိုးရွေးချယ် မျိုးစေ့မြှင့်တင်ရေး ဆောင်ရွက်

ပခုက္ကူ နိုဝင်ဘာ ၁၈

ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်တွင် မိုးစပါး ၁၂၁၃၆ နှင့် မိုးနေကြာ ၉၅၂ ဧက စိုက်ပျိုးပြီးစီး၍ ရိတ်သိမ်းနေဆဲနှင့် ဆောင်းသီးနှံများ စိုက်ပျိုးနေပြီဖြစ်ကြောင်း ပေါက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ မိုးသီးနှံ စုစုပေါင်း ၁၅၇၃၄၄ ဧက နှင့် ဆောင်းသီးနှံ စုစုပေါင်း ၂၆၂၉၆ ဧက လျာထား ဆောင်ရွက် လျက်ရှိသည်။

အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များကို တောင်သူများ အချိန်မရွေး သုံးစွဲနိုင်ရန်၊ သီးနှံစိုက်ဧရိယာများအတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့လိုအပ်ချက် ပြည့်မီရန်၊ စနစ်တကျ မျိုးရွေးချယ်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လာခြင်းဖြင့် ဒေသတွင်း မျိုးစေ့လုံလောက်မှု ရှိစေရန် ရည်ရွယ်၍ သီးနှံအလိုက် မျိုးရွေးချယ် မျိုးစေ့မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။


"မိုးနေကြာ ၉၅၂ ဧက စိုက်ပျိုးခဲ့ပြီး ၇၃၈ ဧက ရိတ်သိမ်းပြီးချိန်မှာ တစ်ဧကအထွက်နှုန်း ၁၂ ဒသမ ၀၉ တင်းထွက်ရှိခဲ့ပါတယ်။ ယခုနှစ် မိုးရာသီမှာ ဆင်းရွှေကြာ-နေကြာ မျိုးကောင်းမျိုးသန့်စိုက်ခင်းတွေကို ရင့်မှည့်ချိန်မှာ အပွင့်အချင်း ၅ ဒသမ ၅ လက်မနှင့် အထက်ရှိသော၊ ပိုးမွှားရောဂါကင်းစင်တဲ့၊ အစေ့အဆန်အောင်တဲ့ နေကြာပွင့်တွေကို ရွေးချယ်မျိုးထားပြီး မျိုး ရွေးချယ်မြှင့်တင်ရေး စတင်ဆောင်ရွက်ခဲ့တာပါ။ ရွေးချယ်ပြီး ရရှိလာတဲ့ မျိုးစေ့တွေကို ယခုနှစ် ဆောင်းရာသီမှာ ဆက်လက် စိုက်ပျိုးထားတာပါ။ ရွေးချယ်ထားတဲ့ မျိုးစေ့များနဲ့ စိုက်ပျိုးထားတဲ့ နေကြာခင်းဖြစ်သော်လည်း မျိုးကောင်းအဖြစ် သုံးစွဲနိုင်ဖို့ အပွင့်အရွယ်အစားသေးတဲ့အပွင့်တွေ၊ အဆန်မပြည့်တဲ့ အပွင့်တွေ၊ အပွင့်ကြီးသော်လည်း အပင်မြင့်လွန်းတဲ့ အပင်တွေကို နှုတ်ပစ်ရမှာပါ။ နှုတ်ပယ်ပြီး ကျန်ရှိတဲ့အပင်များက အပွင့်များကို နောက်တစ်ရာသီမှာ မျိုးစေ့အဖြစ် ဆက်လက်အသုံးပြု စိုက်ပျိုးရမှာပါ။ သုံးကြိမ်စိုက်ပျိုးရမှာဖြစ်ပြီး အထက်ပါနည်းအတိုင်း အပင်တွေကိုနှုတ်ပစ်ပြီး မျိုးရွေးချယ်မြှင့်တင်ခြင်း လုပ်ငန်းတွေ ဆောင်ရွက်ပေးရင် ဆင်းနေကြာ-၂ နေကြာ မျိုးကောင်းမျိုးသန့် မျိုးစေ့တွေ ရရှိလာမှာပါ။ အဲဒီနည်းအတိုင်း တောင်သူများ ပြုလုပ်သွားရင် ဒေသတွင်း မျိုးသန့်မျိုးစေ့အလုံအလောက် ရရှိလာမှာပါ။ မိုးစပါးကိုလည်း အခုရင့်မှည့်ချိန်ရောက်လာပြီဖြစ်လို့ မျိုးကောင်းမျိုးသန့်မျိုးစေ့ (RS)အဆင့် မျိုးသန့်စိုက်ခင်းတွေက စပါးခေါင်နှံတွေကို ရွေးချယ်ပြီး မျိုးရွေးချယ်မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်နေပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးဝင်းကိုမှ ပြောကြားသည်။


ပေါက်မြို့နယ်၊ အင်းတောအုပ်စု၊ အင်းတောကျေးရွာ ကွင်းအမှတ် ၁၆၀၁၊ ဦးပိုင်အမှတ် ၅၊ တောင်သူ ဦးလှသန်း၏ မိုးစပါး ဆင်းသုခ မျိုးသန့်မျိုးပွားမျိုးစေ့ RS စိုက်ခင်း ၁ ဒသမ ၅၀ ဧကမှာ စပါးမျိုးစေ့ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခေါင်နှံ ရွေးချယ်ခြင်းများ ပြုလုပ်လျက်ရှိပြီး၊ ပေါက်မြို့နယ် ရွှေပေါက်ပင်ရပ်၊ ကွင်းအမှတ် ၁၆၀၄၊ ဦးပိုင် ၄၃/ခ တွင်လည်း တောင်သူ ဦးမြင့်နိုင်၏ ဆင်းရွှေကြာ-၂ ဆောင်းနေကြာ မျိုးစေ့အဆင့်မြှင့်တင်ခြင်း မျိုးသန့်ပွားစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

# OISCA ပခန်းရွှေဝါ

ရက်တွင် ဘိုကာရှီမြေဩဇာ ၃၀၀ ကီလိုဂရမ် နောက်တစ်ကြိမ် ထည့်သွင်းပြီး နောက်ဆုံးအကြိမ်အဖြစ် စပါးအနှံမထွက်မီအချိန်တွင် ဘိုကာရှီမြေဩဇာ ၂၀၀ ကီလိုဂရမ် ထည့်သွင်းကြောင်း သိရသည်။ မြေကောင်းမြေညံ့အပေါ်မူတည်၍ စိုက်ပျိုးမြေတွင် ဘိုကာရှီမြေဩဇာ စုစုပေါင်း ၈၀၀ ကီလိုဂရမ် ထည့်သွင်းအသုံးပြုကြောင်း သိရသည်။

Organic နည်းနဲ့ စပါးစိုက်ပျိုးတာဖြစ်လို့ စပါးခင်းအခြေအနေကြည့်ပြီးတော့ လိုအပ်တဲ့အချိန်မှာ EM အရည်နဲ့ ငါးအမိုင်နှိအပင်၊ အသီး၊ အပွင့် အားဆေးကို ရောပြီး တစ်ဧက သုံးလီတာနှုန်းနဲ့ ဖျန်းပေးပါတယ်။ ပိုးမွှားကြုံတင်ကာကွယ်ဆေးအနေနဲ့ အော်ဂဲနစ်



ပိုးသတ်ဆေးကို သုံးပါတယ်။ ယခုနှစ် ပခန်းရွှေဝါ စပါးစံကွက်ရိတ်သိမ်းပြီး မှတ်တမ်းများအရ တစ်ဧကနှုန်းထား ၉၈ တင်း မှ တင်း ၁၀၀ ထွက်ရှိပါတယ်။

စပါးမျိုးသန့်မျိုးစေ့အနေနဲ့က စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ရရှိတဲ့ မိဘမျိုးစေ့ (Breeder Seed) ကို ဒီကျောင်းမှာပဲ ဆင့်ပွားမျိုးစေ့ (Foundation Seed) အဖြစ် မျိုးသန့်ပွားယူပါတယ်။ F.S ကို ဆက်လက်မျိုးသန့်ပွား စိုက်ပျိုးပြီး ထွက်ရှိလာတဲ့ မျိုးသန့်မျိုးပွားမျိုးစေ့ (Registered Seed) ကို တောင်သူတွေကို ဆက်လက်ဖြန့်ဖြူးပေးတာပါ။

ပခန်းရွှေဝါ စပါးမျိုးသန့်မျိုးစေ့ကို ရေစကြိုမြို့နယ်အတွင်းက တောင်သူတွေကို မျိုးအဖြစ် ဖြန့်ဖြူးပေးပါတယ်။ မျိုးသန့်ဝယ်ယူလိုတဲ့ နေပြည်တော်၊ ရန်ကုန်၊ မှော်ဘီ၊ တိုက်ကြီး၊ စစ်ကိုင်း၊ ပဲခူး၊ မကွေးတိုင်းတွေကိုလည်း မျိုးဖြန့်ဖြူးပေးပြီး အဓိကအနေနဲ့က ဧရာဝတီတိုင်းကို ဖြန့်ဖြူးပေးပါတယ်''ဟု DOA-OISCA တာဝန်ခံမှ ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာန၏ ကူညီပံ့ပိုးမှု၊ OISCA သင်တန်းကျောင်း၏ Organic စိုက်ပျိုးရေးနည်းပညာများနှင့် သင်တန်းသား၊ သင်တန်းသူတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဒေသနှင့်ကိုက်ညီသော၊ အရည်အသွေးကောင်းသော မျိုးကောင်းမျိုးသန့်မျိုးစေ့ ပခန်းကြီးဒေသထွက် ပခန်းရွှေဝါစပါးကို တောင်သူများ လွယ်ကူစွာ ဝယ်ယူ အသုံးပြုနိုင်ပြီဖြစ်သည်။

**အေမွန် (PKU)**



# စိုက်ပျိုးထုတ်လုပ်သူများ လေ့လာနိုင်ရန် GAP Model Farm စိုက်ပျိုးပြသ

**နေပြည်တော် နိုဝင်ဘာ ၂၀**

စိုက်ပျိုးထုတ်လုပ်သည့် အစားအစာများ အရည်အသွေးမှန်ကန်ရန်၊ ဘေးကင်းလုံခြုံရန်နှင့် အာဟာရဓာတ်များ ပြည့်ဝစွာ စားသုံးနိုင်ကြစေရန်အတွက် မြေယာပြုပြင်ခြင်း၊ ရေအရည်အသွေး၊ ပတ်ဝန်းကျင် အခြေအနေနှင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက်တွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း GAP စံနှုန်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ချက်များကို စိုက်ပျိုးထုတ်လုပ်သူများ လက်တွေ့လေ့လာနိုင်ကြစေရန် စိုက်ပျိုးရေးဦးစီးဌာနက နေပြည်တော် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း GAP နည်းပညာပေးစိုက်ကွင်း (GAP Model Farm) ကို စံပြ စိုက်ပျိုးပြသထားကြောင်း သိရသည်။

GAP နည်းပညာပေး စိုက်ကွင်း (GAP Model Farm) တွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံအမျိုး ၄၀ ကျော် စိုက်ပျိုးပြသထားပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ခြင်းမှ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှုအထိ GAP စံနှုန်းများနှင့်အညီ စိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းများ တိုးပွားလာရေး ပညာပေးဆွေးနွေးခြင်း အပြင်၊ GAP ထုတ်ကုန်များ၏ အာဟာရတန်ဖိုးနှင့် အစားအစာ ဘေးကင်းလုံခြုံမှု အာမခံချက်အပေါ် စားသုံးသူများ နားလည်ယုံကြည်ကြပြီး အသုံးပြုမှု တိုးပွားလာရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထိုသို့ နည်းပညာပေး စိုက်ပျိုးပြသခြင်းနှင့်အတူ ဟင်းသီးဟင်းရွက် သစ်သီးဝလံ ဒေသမျိုးရင်းများအကို ရှာဖွေစုဆောင်းထိန်းသိမ်းခြင်းလုပ်ငန်းနှင့် သဘာဝမြေဩဇာ အသုံးပြုနည်းမျိုးစုံကို လက်တွေ့ပြသသည့် လုပ်ငန်းများကိုလည်း တစ်ပါတည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သီးနှံဗီဇ အရင်းအမြစ်များ မျိုးသုဉ်းပျောက်ကွယ်မှု မဖြစ်ပေါ်စေရန်နှင့် စနစ်တကျအသုံးပြုနိုင်ရန် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ တစ်ချိန်တည်းတွင် အဆင့်မြင့်စိုက်ပျိုးရေးထုတ်ကုန်အမည်သစ်များကို နည်းစနစ်အသစ်များဖြင့် ထုတ်လုပ်နိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်သည်။

ပြည်တွင်းစားသုံးမှုအတွက် အစားအစာဘေးကင်းလုံခြုံသော စားရေရိက္ခာများ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပ ပို့ကုန်များ စံချိန်စံညွှန်း အရည်အသွေး ပြည့်မီစွာ တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ မြန်မာ-ဂျီအေပီ (Myanmar - GAP) အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ရေး စစ်ဆေးကြပ်မတ်ခြင်းကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိပြီး နည်းပညာပြန့်ပွားရေးနှင့် အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

**MOALI**
**ပြန်ကြားရေး**

# မြန်မာနိုင်ငံက Hass ထောပတ်သီးများ ထိုင်းနိုင်ငံကို တင်ပို့မည်



**ရန်ကုန် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံထွက် Hass ထောပတ်သီးများကို အသီးမှည့်ချိန် နိုဝင်ဘာတွင် ထိုင်းနိုင်ငံသို့ တင်ပို့ရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းထံက သိရသည်။

ထောပတ်သီးရာသီအစတွင် ကြမ်းခင်းဈေးတစ်ခုနှင့်တစ်ခု မတူကြဘဲ ဥပမာအားဖြင့် Amara ထောပတ်သီး ဈေးနှုန်းမှာ တစ်ကီလိုလျှင် ငွေကျပ် ၅၀၀၀ ဖြစ်ပြီး Buccaneer ထောပတ်သီး ဈေးနှုန်းမှာ ကျပ် ၄၀၀၀ ဖြစ်သည်။

"Hass ထောပတ်သီး ကြမ်းခင်းဈေးက ယခင်လကတည်းက တစ်ကီလိုကို ငွေကျပ် ၄၀၀၀ လောက်သာ ရှိပါတယ်။ ယခုရာသီအစမှာတော့ ကြမ်းခင်းဈေးဟာ ကျပ် ၆၀၀၀ ကနေ ၁၀၀၀၀ ကြား ရှိလာလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်''ဟု ကိုကျော်စိုးမင်းက ပြောသည်။

ယခုနှစ် ပြည်တွင်း ထောပတ်သီးရာသီ အစသည် ယမန်နှစ်ကထက် ပိုကောင်းလာနိုင်ပြီး၊ ယခင်နှစ်က ထောပတ်သီး တစ်ကီလိုလျှင် ကျပ် ၂၅၀၀ မှ ၄၀၀၀ သာရှိကာ ယခုနှစ်တွင် ကြမ်းခင်းဈေး ကျပ် ၅၀၀၀ နီးပါး ရှိကြောင်း သိရသည်။

**ဟေမာန်အောင်မင်း**





# ငရုံးပွတူပင် ဆေးဖက်ဝင်

ကြေးမုံပယ်

**ငရုံးပွတူ ပင်၏ အင်္ဂလိပ်အမည်မှာ Tubeflower, Turks Turban, Skyrocket, Champagne Clerodenrum နှင့် Clerodendron ဟု ခေါ်ဆိုပြီး ရုက္ခဗေဒအမည်မှာ Cleroden drum indicum (L.) Kuntze နှင့် Clerodendrum siphonanthus R. Br ဟုခေါ်ဆိုကာ မျိုးရင်း Lamiaceae တွင်ပါဝင်၏။ ငရုံးပွတူပင်သည် ကမ္ဘာ့အပူပိုင်းဒေသနှင့် အပူလျော့ပိုင်းဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့်ပေါက်ရောက်ဖြစ်ထွန်းသည့် အပင်မျိုးဖြစ်၏။ ကမ္ဘာပေါ်တွင် ငရုံးပွတူ မျိုးရင်းပေါင်း ၅၀၀ ကျော်ခန့်ရှိပြီး အပင်ငယ်၊ အပင်ပျော့နှင့် ချုံပင် စသဖြင့် အပင်ပုံသဏ္ဌာန် ကွဲပြားကြ၏။**

ငရုံးပွတူပင်သည် အိန္ဒိယနှင့် နီပေါနိုင်ငံတို့တွင် သဘာဝအလျောက် အလေ့ကျ ပေါက်ရောက်ဖြစ်ထွန်းပြီး ထိုမှတစ်ဖန် မြန်မာ၊ တရုတ်နိုင်ငံတောင်ပိုင်း၊ အင်ဒိုချိုင်းနား၊ ထိုင်းနှင့် မလေးရှားကျွန်းဆွယ်တို့တွင် ပျံ့နှံ့ဖြစ်ထွန်းပေါက်ရောက်၏။ ယခုနောက်ပိုင်းတွင် ငရုံးပွတူပင်ကို ဆေးဖော်စပ်ရန်အတွက်လည်းကောင်း၊ ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်အဖြစ် စားသုံးရန်အတွက်လည်းကောင်း စိုက်ပျိုးကြသကဲ့သို့ အလှစိုက်အပင်အဖြစ်လည်း စိုက်ပျိုးကြ၏။

မျိုးစုတူငရုံးပွတူပင်များကို လူသားတို့၏ ကျန်းမာရေးကိုခြိမ်းခြောက်သည့် ရောဂါများဖြစ်သည့် ကာလသားရောဂါ၊ အူယောင်ငန်းဖျားရောဂါ၊ ကင်ဆာ၊ အသည်းရောင်အသားဝါနှင့် သွေးတိုးရောဂါတို့အတွက် အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ ကိုးရီးယား၊ ဂျပန်နိုင်ငံတို့တွင် ဆေးဝါးဖော်စပ်အသုံးပြုကြ၏။ ငရုံးပွတူပင်၏ အမြစ်၊ ပင်စည်၊ အရွက်တို့ကိုကြိတ်ပြီး ရရှိသည့်အနှစ် သို့မဟုတ် အခြောက်လှန်းပြီး အမှုန့်ပြုလုပ်ထားသည်တို့ကို ပန်းနာရင်ကြပ်၊ မျက်လုံးအတွင်းတိမ်ဖြစ်ခြင်း၊ ငှက်ဖျားရောဂါ၊ သွေးရောဂါအမျိုးမျိုး၊ အရေပြားရောဂါများနှင့် အဆုတ်ရောဂါများအတွက် ဆေးအဖြစ် အသုံးပြုကြ၏။

ငရုံးပွတူပင်သည် အပင်ငယ်မျိုးဖြစ်ပြီး အမြင့်ပေ ၅ ပေခန့်ထိ ကြီးထွားရှင်သန်၏။ ပင်စည်မှာ အခေါင်းပေါက်ဖြစ်ကာ အရွက်ထွက်သည့် အဆစ်နေရာများသည် ခရမ်းရောင်ရှိပြီး ပင်စည်လုံးကိုပတ်ပြီး အရွက် သုံးရွက်စီ အဆင့်ဆင့်ထွက်၏။ ရွက်ရင်းသွယ်ပြီး ရွက်ဖျားချွန်ကာ ရွက်ပြားချောပြီး ရွက်နားညီသော ရှည်မျောမျော လွှန်းပုံသဏ္ဌာန်ရှိပြီး ခြောက်လက်မခန့်အထိ ရှည်လျားတတ်၏။ အပင်ရိုးတံ၏ ထိပ်ဖျားပိုင်းတွင် ပန်းပွင့်အဖြူ သို့မဟုတ် အနီလေးများပွင့်၏။ ပန်းပွင့်မှာ ပြွန်ပုံသဏ္ဌာန်ထွက်နေသော ပွင့်ချပ်အုံပြွန်ဖြစ်၏။ အောက်ဘက် သို့ ကွေးပြီး အောက်စိုက်ကျနေသည့်အတွက် Tubeflower ဟု လူသိများ၏။

သန့်ရှင်းလတ်ဆတ်သော ငရုံးပွတူရွက်တွင် ဗီတာမင် အေ၊ ဗီတာမင် စီ၊ ဗီတာမင် ဘီသရီး၊ ဗီတာမင် ဘီဆယ့်နှစ်၊ ဘီစစ်၊ အမျှင်ဓာတ်၊ သွပ်ဓာတ်၊ ကယ်လ်စီယမ်၊ မဂနီဆီယမ်၊ အမိုင်နိုအက်စစ်၊ ကော့ပါး၊ ပိုတက်စီယမ်၊ ပရိုတင်းနှင့် ကာဘိုဟိုက်ဒရိတ်ဓာတ်တို့ ကြွယ်ဝစွာပါဝင်၏။

ထို့ပြင် ဖီနောလ်လစ်၊ တန်နင်၊ ဖလေဗာနွိုက်၊ အယ်လ်ကာလွိုက်၊ တာပင်နွိုက်၊ ဆာပိုနင်နှင့် စတီရောလ်အစရှိသည့် ဘိုင်အိုအက်တစ်ဒြပ်ပေါင်းများ ကြွယ်ဝစွာပါဝင်သည့် ငရုံးပွတူပင်သည် အသည်းကို ကြံ့ခိုင်ကျန်းမာစေနိုင်စွမ်း ဂုဏ်သတ္တိရှိ၏။

ငရုံးပွတူပင်၏ ပင်စည်၊ အခေါက်နှင့်အမြစ်တို့တွင် ပါဝင်သည့် ဆာပိုနင်ဓာတ်သည် ယားနာဖြစ်ခြင်း၊ ပန်းဝတ်မှုန်နှင့်ဓာတ်မတည့်ခြင်း Pollen Allergy ကြောင့် ဖြစ်ပွားတတ်သည့် နှာစေးခြင်း၊ မျက်ရည်ပူကျခြင်း၊ ဖျားနာခြင်းဝေဒနာများကို သက်သာစေနိုင်ခြင်း၊ အဆိပ်ရှိသည့် အင်းဆက်များအကိုက်ခံရပါက အဆိပ်ပြေစေနိုင်သည့် အစွမ်းအစရှိသည့် အကျိုးကျေးဇူးကောင်းများရှိ၏။ ထို့ပြင် ကိုယ်ခန္ဓာအတွင်းသို့ ပြင်ပမှ မလိုလားအပ်သည့် ရောဂါပိုးများ ဝင်ရောက်လာမှုကို ဟန့်တားပေးနိုင်စွမ်းရှိ၏။

ငရုံးပွတူပင်၏ အရွက်၊ အခေါက်၊ အမြစ်၊ ပင်စည်တို့ကို ဆေးဖက်ဝင်အဖြစ် အသုံးပြုနိုင်၏။

အာယုဗေဒဆေးပညာရပ်အရ ငရုံးပွတူပင်သည် ရောင်ရမ်းနာကျင်ခြင်းကို သက်သာစေနိုင်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းကို လျင်မြန်စွာသက်သာစေခြင်း၊ သွေးလည်ပတ်မှုကို ပိုမိုအားကောင်းစေခြင်း၊ အစာခြေစနစ်၏လုပ်ငန်းဆောင်တာများကို တိုးတက်အားကောင်းစေခြင်း၊ အသက်ရှူစနစ်ကို အားဖြည့်ပေးနိုင်ခြင်း၊ ချွဲသလိပ်ကိုပျော်စေခြင်း၊ အအေးမိချောင်းဆိုးခြင်းမှ သက်သာစေခြင်း၊ ပန်းနာရင်ကြပ်ခြင်းတို့မှ သက်သာစေနိုင်၏။ ကိုယ်ခန္ဓာရှိ ချွေးပေါက်များကို ပွင့်စေပြီး ချွေးထွက်စေရန် အားပေးခြင်းကြောင့် အဖျားရောဂါများကိုလည်း သက်သာစေနိုင်၏။



ရိုးရာတိုင်းရင်းဆေးပညာရပ်အရ ငရုံးပွတူပင်ကို ကျန်းမာရေးနှင့် ညီညွတ်ကောင်းမွန်စေရန် အောက်ပါအတိုင်း အသုံးပြုကြ၏။

- ငရုံးပွတူအမြစ်သည် နှုတ်ကိုမြိန်စေပြီး အစာစားလိုစိတ်ကို အားပေးခြင်း၊ သလိပ်ပျော်စေခြင်းကြောင့် ချောင်းဆိုး ရင်ကြပ်ခြင်းမှ ကာကွယ်နိုင်ခြင်း၊ ကိုယ်လက်ရောင်ရမ်းနာကျင်ခြင်းကို သက်သာစေခြင်း၊ လေပြွန်ရောင်ခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ အဖျားပြတ်စေခြင်း အစရှိသည့် ဂုဏ်သတ္တိများရှိခြင်းကြောင့် ဆေးအဖြစ် အသုံးပြုကြ၏။

- ငရုံးပွတူရွက်သည် အနည်းငယ်ခါးသက်သော အရသာရှိပြီး ခွန်အားကိုတိုးစေခြင်း၊ ဖျားနာခြင်းမှ သက်သာစေခြင်းနှင့် သန်ကိုကျစေနိုင်ခြင်း ဂုဏ်သတ္တိများရှိ၏။

- အပင်၏နူးညံ့သောအစိတ်အပိုင်းများကို အရည်ပြုလုပ်ပြီးလျှင် အရေပြားပေါ်တွင် ဖြစ်ပွားခံစားရတတ်သည့် ယားနာဝေဒနာများအပေါ် လိမ်းကျံခြင်း၊ ခြေဖနောင့်ကွဲသည့်နေရာများတွင် လိမ်းကျံခြင်းဖြင့် ဝေဒနာသက်သာစေရန် အသုံးပြုကြ၏။

- ငရုံးပွတူပင်၏အမြစ်ကို ထုထောင်းကြိတ်ချေပြီး ချင်းနှင့် ရောစပ်ပြီးလျှင် ပန်းနာရင်ကြပ်ဖြစ်ခြင်း၊ ချောင်းဆိုးခြင်းနှင့် အဆုတ်နာ၊ အဆုတ်ပွခြင်း အစရှိသည့် ဝေဒနာများအတွက် ဆေးအဖြစ် အသုံးပြုကြ၏။

- အဖုအကြိတ်များနှင့် အရေပြားရောဂါများအတွက်မူ ငရုံးပွတူရွက်နှင့် အမြစ်တို့ကို ကြိတ်ပြီး အုံပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။

- ငရုံးတူပင်မှရရှိသည့် အစေးကို ကာလသားရောဂါ၊ ဒူလာပါဒရက်ရောဂါများအတွက် အသုံးပြုကြ၏။

- ငရုံးပွတူရွက်ကို အခြောက်ပြုလုပ်ကာ စီးကရက်ကဲ့သို့လိပ်ပြီး ရှူပေးခြင်းဖြင့် ပန်းနာရင်ကြပ်ဝေဒနာကို သက်သာစေနိုင်၏။

- ငရုံးပွတူပင်အရွက်ကို ချောင်းဆိုးပျောက်ဆေးများ၊ သလိပ်ပျော်ဆေးများအဖြစ် ဖော်စပ်ရာတွင် ဆေးအဖြစ် အသုံးပြုကြ၏။

- ငရုံးပွတူပင်အရွက်ကြိတ်ရည်ကို ဂျီးထောပတ်၊ ထန်းလျက်တို့နှင့်အတူရောစပ်ပြီးလျှင် ချောင်းဆိုးရင်ကြပ်ဖြစ်ခြင်း၊ သလိပ်ကြပ်ခြင်း၊ ကျပ်တီးနာများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများအတွက် ဆေးဝါးဖော်စပ်အသုံးပြုကြ၏။

စာ - ၁၈ သို့

# အင်ဒိုနီးရှား စပါးအထွက်နှုန်း ၂၀၂၄ ခုနှစ်၌ သန်း ၆၀ ကျော်မည်

အင်ဒိုနီးရှားနိုင်ငံသည် ယခု ၂၀၂၃ ခုနှစ်ကုန်၌ ဆန်ထွက်ရှိမှု လျော့နည်း ကျဆင်းမည်ဖြစ်သော်လည်း လာမည့် ၂၀၂၄ ခုနှစ် ပထမသုံးလတာကာလအတွင်း ဆန် ထွက်ရှိမှု တိုးမြင့်လာမည်ဖြစ်ကြောင်း အင်ဒိုနီးရှား စိုက်ပျိုးရေးဝန်ကြီးဌာန သတင်းများ၌ ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် အယ်လ်နီညို ရိုက်ခတ်မှုနှင့် ရာသီဥတု ပြောင်းလဲမှုများကြောင့် စပါးအထွက်နှုန်းများ လျော့ကျကာ စပါးစိုက်ခင်းများ ထိခိုက်မှုရှိလာခဲ့ရာမှ စပါးအထွက်နှုန်း လျော့နည်းခဲ့ပြီး၊ ဆန်ထုတ်လုပ်နိုင်မှု ကျဆင်းခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အင်ဒိုနီးရှား စိုက်ပျိုးရေးဝန်ကြီးဌာနက သက်တမ်းတို စပါးမျိုးစိတ်များဖြင့် အစားထိုး စိုက်ပျိုးခြင်းပြုလုပ်ကာ၊ ရာသီဥတုကြောင့် ထိခိုက်မှု လျော့ပါးစေရန် ဆောင်ရွက်လာခြင်းကြောင့် လာမည့် ၂၀၂၄ နှစ်ဦးပိုင်းတွင် ဆန်ထုတ်လုပ်နိုင်မှုတိုးမြင့်လာမည်ဟု ခန့်မှန်းထားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် စပါးကို ဒေသအလိုက် တစ်နှစ်ပတ်လုံး စိုက်ပျိုးကြရာ၊ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က စပါးထွက်ရှိမှုမှာ တစ်နှစ်လုံးအနေဖြင့် မက်ထရစ်တန် ၅၅ ဒသမ ၆၇ သန်း ရှိခဲ့သည်။

ကမ္ဘာတစ်ဝန်း စပါးထွက်ရှိမှုများသော နိုင်ငံများစာရင်းတွင် ပါဝင်သည့် အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ်၌ အယ်လ်နီညို ရိုက်ခတ်မှုဒဏ်ကြောင့် စပါးအထွက်နှုန်း လျော့ကျခဲ့ရာ ၂၀၂၃ ခုနှစ်ကုန်တွင် ဆန်ထုတ်လုပ်နိုင်မှုတန်ချိန် နှစ်သန်းခန့် ကျဆင်းမည်ဟု မျှော်မှန်းထားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ဂျာဗားကျွန်းသည် စပါးစိုက်ပျိုးမှု အများဆုံးဖြစ်ပြီး တစ်နိုင်ငံလုံး၏ ၆၀ ရာခိုင်နှုန်းကို စိုက်ပျိုးခြင်း ဖြစ်သည်။

၂၀၂၂ ခုနှစ်က အင်ဒိုနီးရှားတွင် တစ်နှစ်လုံး စပါး ထွက်ရှိမှု တန်ချိန် ၅၅ ဒသမ ၆၇ သန်းရှိခဲ့ပြီး ဆန်ထုတ်လုပ်နိုင်မှုမှာ တန်ချိန် ၃၁ ဒသမ ၅၂ သန်း ရှိခဲ့ကြောင်း အင်ဒိုနီးရှား စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အင်ဒိုနီးရှားနိုင်ငံရှိ စပါးစိုက်ပျိုးရာ လယ်ယာမြေများတွင် ဓာတ်မြေဩဇာ သုံးစွဲမှုနှင့် ဓာတုအကြွင်းအကျန်များကြောင့် မြေဆီလွှာ ထိခိုက်ပျက်စီးမှုများနှင့် ကြုံတွေ့နေရခြင်းကိုလည်း သဘာဝ မြေဩဇာ အစားထိုး သုံးစွဲမှု များလာစေရန် တောင်သူများအား ပညာပေးမှု အဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ရာသီဥတုပြောင်းလဲမှုဒဏ်နှင့် ပိုးမွှားအန္တရာယ်တို့မှ ခံနိုင်ရည်ရှိသည့် စပါးမျိုးစိတ်သစ်များကို ဒေသအလိုက် အသုံးပြုနိုင်ရေးအတွက်လည်း စိုက်ပျိုးရေးသုတေသနပညာရှင်များက ဖော်ဆောင်နေကြောင်း သိရသည်။

အထွက်နှုန်းကောင်းခြင်း၊ ဆန်သား နူးညံ့ပျော့ပျောင်းခြင်း၊ အနံ့အရသာ ပြည့်စုံခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်ခြင်း စသည်တို့အပြင် ပြည်ပဈေးကွက်တွင် ဝယ်လိုအား ကောင်းမွန်ခြင်း စသည့် အရည်အသွေးများဖြင့် ပြည့်စုံသော စပါးမျိုးစိတ်သစ်များကို ဂျာဗားကျွန်းဒေသအချို့တွင် စတင်စိုက်ပျိုးနေပြီ ဖြစ်သည်။ ထို့ပြင် နိုင်ငံ အလယ်ပိုင်း စပါးစိုက်ပျိုးရာဒေသအချို့တွင်လည်း စတင်စိုက်ပျိုးနေကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် လာမည့် ၂၀၂၄ ခုနှစ် ပထမသုံးလတာကာလအတွင်း စပါးအထွက်နှုန်း တန်ချိန် နှစ်သန်း ပိုမိုထွက်ရှိမည့် အလားအလာကောင်းများ ရှိနေပြီဖြစ်ကြောင်း အင်ဒိုနီးရှား စိုက်ပျိုးရေး တာဝန်ရှိသူများက ပြောကြားသည်။

တောင်သူများအား စပါးမျိုးသစ်များအသုံးပြုစေမှု၊ မြေဆီလွှာ ပြုပြင်မှုများကို စနစ်တကျ ဆောင်ရွက်စေကာ စိုက်ပျိုးစရိတ်များ၊ သွင်းကုန်စွမ်းအားစုများကို စနစ်တကျ အကောင်အထည်ဖော်လုပ်ကိုင်စေခြင်းဖြင့် လာမည့် ၂၀၂၄ ခုနှစ်ကုန်တွင် စပါးအထွက်နှုန်း တန်ချိန် သန်း ၆၀ ကျော် ထွက်ရှိလာမည်ဟု မျှော်မှန်းထားသည်။ JP

ဖိုးဖြူလင်းလက် စုစည်းတင်ပြသည်။



# မြေပဲအထွက်နှုန်း မလျော့ကျရေး ထိုင်းတောင်သူများနှင့် တာဝန်ရှိသူများ ပူးတွဲဆောင်ရွက်

ထိုင်းနိုင်ငံ၏ မြေပဲအထွက်နှုန်း တဖြည်းဖြည်း လျော့နည်းလာသဖြင့် လက်ရှိအနေအထားအတိုင်း ဆက်သွားပါက လာမည့် ၂၀၂၆ ခုနှစ်တွင် မြေပဲထွက်ရှိမှုမှာ မက်ထရစ်တန် ၁၄၇၈၀ ခန့်အထိ ကျဆင်းသွားမည်ဖြစ်ကြောင်း ထိုင်းစိုက်ပျိုးရေးသုတေသနပညာရှင်များက သုံးသပ်ထားသည်။

ထိုသို့မကြုံတွေ့ရေးအတွက် မြေပဲစိုက်ပျိုးထွက်ရှိမှု ပြန်လည်တိုးတက်လာစေရေးကို စနစ်တကျ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားထားသည်။

ထိုင်းနိုင်ငံတွင် မြေပဲစိုက်ပျိုးမှုကို နိုင်ငံ၏ မြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများ၌ အဓိကစိုက်ပျိုးခြင်းဖြစ်ပြီး၊ ယင်းဒေသရှိ စိုက်ပျိုးတောင်သူများ၏ ၉၃ ဒသမ ၃၂ ရာခိုင်နှုန်းမှာလည်း မြေပဲကို အဓိကထား စိုက်ပျိုးကြခြင်းဖြစ်သည်။ ယခုအခါ ထိုင်းနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှု အပူချိန် သိသိသာသာ မြင့်တက်လာမှု၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မြေပဲစိုက်တောင်သူများ အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

ထိုသို့သော အခြေအနေများကြောင့် ထိုင်းနိုင်ငံ၏ မြေပဲစိုက်ပျိုးထွက်ရှိမှုသည် ၂၀၁၇ ခုနှစ်မှ စတင်ကာ တဖြည်းဖြည်း ကျဆင်းလာနေပြီး လာမည့် ၂၀၂၆ ခုနှစ်၌ သိသာစွာ လျော့နည်းလာမည်ဖြစ်သည်။

လက်ရှိ အခြေအနေတွင် ထိုင်းနိုင်ငံအနေဖြင့် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ပြည်ပမှ မြေပဲတင်သွင်းမှု ကန်ဒေါ်လာ ၅၈ သန်းဖိုးရှိခဲ့ရာ ယခင်နှစ်ကထက် ၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့မြေပဲတင်သွင်းမှု အများဆုံး နိုင်ငံပေါင်း ၂၀ အနက် အဆင့် ၁၅ နေရာ၌ တည်ရှိခဲ့သည်။

ထို့ကြောင့် ထိုင်းနိုင်ငံတွင် မြေပဲစိုက်ပျိုးမှု တိုးချဲ့နိုင်ရေးနှင့် ထွက်ရှိမှု တိုးမြင့်လာရေးကို နှစ်တိုနှစ်ရှည်စီမံကိန်းများ ချမှတ်ကာ ဆောင်ရွက်နေပြီ ဖြစ်သည်။ စိုက်ပျိုးရေးသုတေသနပညာရှင်များက ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသည့် မြေပဲမျိုးစိတ်နှင့် အထွက်နှုန်းကောင်းမွန်သော မျိုးစေ့များ ဖော်ထုတ်နေကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ ရာသီဥတုနှင့်ကိုက်ညီပြီး မြေဆီလွှာ အခြေအနေများအပေါ် အထွက်နှုန်း တိုးနိုင်သည့် မျိုးစေ့သစ်များကို စမ်းသပ်စိုက်ပျိုးနေပြီ ဖြစ်သည်။ ယခင် မြေပဲစိုက်ပျိုးနေရာမှ အခြားသီးနှံများ ပြောင်းလဲ စိုက်ပျိုးကြသည့် တောင်သူများကိုလည်း စိုက်ပျိုးရေး တာဝန်ရှိသူများက ကွင်းဆင်းကာ လိုအပ်သည့် ပံ့ပိုးဖြည့်ဆည်းမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ မြေပဲစိုက်တောင်သူများ ဝင်ငွေတိုးမြင့်လာရေးအတွက်လည်း စိုက်ခင်းမှ ဈေးကွက်အထိ တိုက်ရိုက်ချိတ်ဆက် ဖော်ဆောင်ရေးလုပ်ငန်းစဉ်များကိုလည်း တောင်သူများအား လက်တွေ့ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် ယခင်က ကမ္ဘာ့မြေပဲ စိုက်ပျိုးထွက်ရှိမှု အများဆုံးနိုင်ငံများအနက် အဆင့် ၄၈ နေရာ၌ ရပ်တည်နိုင်ခဲ့သော နိုင်ငံဖြစ်သည်။ ယခုအချိန်တွင် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် မြေပဲ စိုက်ပျိုးထွက်ရှိမှု အများဆုံးဖြစ်ပြီး၊ ကမ္ဘာ့မြေပဲထွက်ရှိမှု၏ ၃၇ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ ထိုင်းနိုင်ငံရှိ မြေပဲစိုက်တောင်သူများသည် မြေပဲစိုက်ဧရိယာများ တိုးချဲ့စိုက်ပျိုးလာနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ တောင်သူများလက်ဝယ်အရောက် ဈေးနှုန်းချိုသာစွာဖြင့် ရောက်ရှိရေး၊ စိုက်ပျိုးစရိတ်၊ ထုတ်လုပ်စရိတ်များ ထောက်ပံ့ဖြည့်ဆည်းပေးရေး၊ မြေပဲဈေးနှုန်းများ ထိုက်တန်စွာ ရရှိစေရေးတို့ကို တာဝန်ရှိသူများက အလေးထားပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

အခြားစိုက်ပျိုးသီးနှံများ စိုက်ပျိုးသည့် တောင်သူများနှင့် မြေပဲကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးသည့် တောင်သူများကိုလည်း မြေပဲ စိုက်ပျိုးမှု၏ အကျိုးအမြတ်ဖြစ်ထွန်းမှုအပေါ် ဆွေးနွေး အကြံပြုကာ လက်တွေ့တိုးချဲ့ စိုက်ပျိုးလာနိုင်ရေးကိုလည်း နယ်မြေအလိုက် ကွင်းဆင်းဖော်ဆောင်နေကြောင်း သိရသည်။ (BKP)

# ရန်ကုန်ဈေးကွက်

၂၂.၁၁.၂၀၂၃




## ဆန်

ယခုရက်သတ္တပတ်အတွင်း ရွှေဘိုပေါ်ဆန်း (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၃၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ်လျှင် ၁၂၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၉၅၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ်လျှင် ၉၃၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျွန်းဆန် (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၈၂၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ်လျှင် ၈၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထဆန်ဟောင်း (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၆၇၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ်လျှင် ၆၆၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထဆန် (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၅၉၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ်လျှင် ၅၈၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ငစိန်ဆန် (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၆၅၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ်လျှင် ၆၄၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဆန်စပါး ကုန်စည်ဒိုင်များတွင် ရောင်းဝယ်လျက်ရှိကြောင်း ဆန်စပါး ကုန်စည်ဒိုင် (ဝါးတန်းလမ်း) မှ ထုတ်ပြန်သော နေ့စဉ် ဆန်ဈေးနှုန်းများတွင် ဖော်ပြထားသည်။

ဆန်ဈေးနှုန်းများမှာ ယခင်အပတ်နည်းတူ အမြင့်ဈေးဖြင့် တည်ငြိမ်နေသည်မှာ အောက်တိုဘာ တတိယအပတ်မှ ယခု နိုဝင်ဘာ ဒုတိယအပတ်အထိပင် ဖြစ်သည်။ ဆန်သစ်များ ဈေးကွက်သို့ ကုန်ဝင်ရောက်မှု ရှိသော်လည်း ဆန်ဟောင်းများထက် အရည်အသွေး နိမ့်ခြင်း၊ စားသုံးသူများမှ ဆန်ဟောင်းများကိုသာ ဝယ်ယူစားသုံးမှု ပုံမှန်ရှိခြင်း၊ မိုးစပါး ရိတ်သိမ်းချိန်တွင် မိုးရွာသွန်းမှုများကြောင့် စပါးအရည်အသွေး ညံ့ခြင်းနှင့် ပျက်စီးမှုများ ရှိခဲ့ခြင်း၊ ပြည်ပသို့ တင်ပို့ရန် ဝယ်ယူမှုရှိခြင်း၊ အလွန်ပူပြင်း ခြောက်သွေ့မှုများ ဖြစ်ပေါ်စေမည့် အယ်လ်နီညိုရာသီဥတုစတင်တော့မည်ဖြစ်၍ နိုင်ငံအသီးသီးတွင် စားနပ်ရိက္ခာဖူလုံရန်နှင့် ဈေးနှုန်းမြင့်တက်မှုများအား ကာကွယ်နိုင်ရန် စားနပ်ရိက္ခာ ပို့ကုန်များအား လျှော့ချတင်ပို့စေခြင်း၊ ပြည်တွင်းဈေးနှုန်းများ တည်ငြိမ်စေရန် ပို့ကုန်အပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်းများ ပြုလုပ်၍ စားနပ်ရိက္ခာဈေးနှုန်းများ တည်ငြိမ်နေစေရန် ကြိုးပမ်းနေချိန်ဖြစ်ခြင်း၊ အိမ်နီးချင်းနိုင်ငံများ၏ ပို့ကုန်ဆန်ဈေးများလည်း ဈေးမြင့်နေခြင်းစသည့် အခြေအနေများကြောင့် ဆန်ချော၊ ဆန်ကြမ်းများအားလုံး ယခင်အပတ် ဈေးနှုန်းများဖြင့်သာ အမြင့်ဈေးဖြင့် တည်ငြိမ်လျက် ရှိသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု နည်းခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းဈေးနှုန်းများမှာ ပြောင်းဟောင်းများနှင့် ပြောင်းသစ်များ ဈေးကွက်သို့ ကုန်ဝင်ရောက်မှုရှိခြင်း၊ ယခုနှစ် ပြောင်းစိုက်ရာသီတွင် အခြားသီးနှံများအား ပြောင်းလဲစိုက်ပျိုးမှု ရှိခြင်း၊ လာမည့်ရာသီတွင် ပြောင်းစိုက်ပျိုးထွက်ရှိမှု လျော့နည်းနိုင်မည်ဟု ခန့်မှန်းထားခြင်း၊ ပြည်ပနိုင်ငံများသို့ တင်ပို့ရန် အလားအလာများ ရှိလာနိုင်ခြင်း၊ လှောင်လက်များမှ ဝယ်ယူမှု များခြင်းစသည့် အခြေအနေများကြောင့် အစေ့ထုတ်ပြောင်းဈေးနှုန်းများမှာ ယခင်အပတ်ဈေးနှုန်းများနည်းတူ အမြင့်ဈေးတွင် ဆက်လက် တည်ငြိမ်နေခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၅၈၈၆၀ ကျပ် ဖြစ်သည်။

## စားဖိုဆောင်သီးနှံ

စားဖိုဆောင်သီးနှံ ဈေးကွက်တွင် ငရုတ်ခြောက် (ရှည်) မှာ ပန်းရဲ(သစ်)၊ မြားနီ (ဟသ်ာတ)၊ အိမ်မဲ(ရှည်) သုံးမျိုးသာ ဈေးကွက်သို့ ကုန်ဝင်ရောက်မှု ရှိကာ ကုန်အဝင်နည်းသော်လည်း စားသုံးသူများမှ ဝယ်လိုအားနည်းခြင်း၊ အရောင်းအဝယ် အေးခြင်းတို့ကြောင့်လည်းကောင်း၊ ငရုတ်ခြောက် (ပွ)မှာ ဆင်ဖြူကျွန်း (ပု) နှင့် မြစ်ဝပု (သစ်) နှစ်မျိုးသာ ဈေးကွက်သို့ ကုန်ဝင်ရောက်မှု ရှိကာ ကုန်အဝင်အလွန်နည်းသော်လည်း စားသုံးသူများမှ ဝယ်ယူစားသုံးမှုနည်းခြင်း၊ ရောင်းလိုအား၊ ဝယ်လိုအားမျှနေခြင်းတို့ကြောင့်လည်းကောင်း၊ ငရုတ်ခြောက် (ရှည်၊ ပွ)ဈေးနှုန်းများမှာ ယခင်အပတ် ဈေးနှုန်းများဖြင့်သာ ဈေးငြိမ် အရောင်းအဝယ်အေးနေခဲ့သည်။

ငရုတ်ခြောက် (လတ်)မှာ ဈေးကွက်သို့ ကုန်ဝင်ရောက်မှု မရှိသလောက် နည်းခဲ့ခြင်းကြောင့် ဈေးနှုန်းကောက်ခံရရှိနိုင်ခြင်း မရှိခဲ့ပါ။ ငရုတ်ခြောက် (ရှည်၊ ပွ) တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၇၅၀၀၊ ၁၅၀၀ ကျပ် ဖြစ်သည်၊

ကြက်သွန်နီ (ထူး၊ လတ်၊ သေး) ဈေးနှုန်းများမှာ မိုးကြက်သွန်နီ အသစ်အချို့ ဈေးကွက်သို့ ကုန်ဝင်ရောက်မှု ရှိလာခြင်း၊ ကြက်သွန်နီ အဟောင်းလက်ကျန်များတွင် အရည်အသွေး အနိမ့်စများလာခြင်း၊ ပစ္စည်းအလှရှားခြင်းတို့ကြောင့် ဈေးကွက်သို့ ကုန်အဝင် ပုံမှန်ရှိသော်လည်း ကြက်သွန်နီ (ထူး)မှာ အနည်းငယ်ဈေးမြင့်ခဲ့ ပြီး၊ ကြက်သွန်နီ (ထူး၊ လတ်၊ သေး) တစ်ပိဿာလျှင် ယခင် အပတ် ပျမ်းမျှဈေးနှုန်းမှာ ၃၄၅၀၊ ၃၂၅၀၊ ၂၇၀၀ ကျပ်ဖြစ်ပြီး၊ ယခု အပတ်ဈေးနှုန်းမှာ ၃၅၀၀၊ ၃၁၀၀၊ ၂၄၀၀ ကျပ်ဖြစ်သည်။

ကြက်သွန်ဖြူ (ကြူကုတ်)မှာ ဈေးကွက်သို့ ကုန်ဝင်ရောက်မှု နည်းခြင်း၊ သယ်ယူစရိတ်မြင့်ခြင်း၊ စားသုံးသူများမှ ဝယ်လိုအားများခြင်း၊ တင်သွင်း ဈေးမြင့်ခြင်းတို့ကြောင့် ယခင်အပတ်ထက် ဆက်လက် ဈေးမြင့်လာခဲ့ခြင်း ဖြစ်သည်။

ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာလျှင် ယခင် အပတ် ပျမ်းမျှဈေးနှုန်းမှာ ၁၃၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၄၀၀၀ ကျပ်ဖြစ်သည်။

ကြက်သွန်ဖြူ (ရှမ်း)မှာလည်း စိုက်ပျိုးထွက်ရှိရာဒေသတွင် ဈေးမြင့်နေခြင်း၊ သယ်ယူပို့ဆောင်စရိတ်များ ဈေးမြင့်လာခြင်း၊ ကြက်သွန်ဖြူ (ကြူကုတ်) ဈေးမြင့်ချိန်ဖြစ်၍ ကြက်သွန်ဖြူ (ရှမ်း) လည်း ဈေးမြင့်လာခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး၊ စားသုံးသူများမှ ဝယ်လိုအားနည်းခြင်း၊ ကြက်သွန်ကြော် လုပ်ငန်းများမှ ဝယ်ယူမှု နည်းခြင်းတို့ကြောင့် ယခင်အပတ်ထက် အနည်းငယ် ဈေးနိမ့်လာခဲ့သည်။

ကြက်သွန်ဖြူ (ရှမ်း) တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၁၁၇၅၀ ကျပ်ဖြစ်ပြီး၊ ယခု အပတ်ဈေးနှုန်းမှာ ၁၁၂၅၀ ကျပ် ဖြစ်သည်။

အာလူးဈေးနှုန်းများမှာ ရှမ်းအာလူးများ ကုန်အဝင်အလွန်နည်းပြီး၊ အရည်အသွေး နိမ့်နေချိန်ဖြစ်ခြင်း၊ တရုတ်အာလူးမှာလည်း အနည်းငယ်သာ ကုန်ဝင်ရောက်မှုရှိခြင်း၊ စားသုံးသူများမှ ဝယ်လိုအားများခြင်းတို့ကြောင့် ယခင်အပတ်ထက် ဆက်လက်ဈေးမြင့်လာခဲ့ခြင်း ဖြစ်သည်။

တရုတ်အာလူး တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၃၈၀၀ ကျပ်ဖြစ်ပြီး၊ ယခုအပတ် ဈေးနှုန်းမှာ ၄၀၀၀ ကျပ်ဖြစ်သည်။

## စားသုံးဆီ

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သောနိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက်ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၆၈၀ ကျပ်ဖြစ်သည်။ ယခင်အပတ် ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းထက် တစ်ပိဿာလျှင် ၁၂၀ ကျပ် ဈေးမြင့်လာခဲ့ခြင်း ဖြစ်သည်။

အနယ်နယ် အရပ်ရပ်တွင် စားအုန်းဆီများအား သတ်မှတ်ထားသော ရည်ညွှန်းဈေးနှုန်းဝန်းကျင်ဖြင့် ရောင်းချပေးသော ဆီဆိုင်များစွာ ပေါ်ပေါက်လာခြင်းကြောင့် ပြင်ပရှိ လက်လီ ဈေးကွက်တွင် စားအုန်းဆီနှင့်ပဲရောဆီများအား ဈေးမြှင့်ရောင်းချမှုများ မရှိသလောက် နည်းပါးလာခဲ့ပြီ ဖြစ်သည်။ အခြားသော မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီအမျိုးအစားများမှာလည်း အရောင်းအဝယ် အေးလျက်ရှိကြောင်း သိရသည်။ ■

# မန္တလေးဈေးကွက်

ခင်မေကြည်

၂၂.၁၁.၂၀၂၃

## ဆန်

မန္တလေး ကိုင်းတန်းဈေး ဆန်ပွဲရုံများတွင် ဆန်ဈေးနှုန်းအနေဖြင့် အသစ်ဝင်ချိန်နီးခြင်း၊ အဝင်ပုံမှန်၊ စားသုံးမှုပုံမှန် ရှိခြင်းကြောင့် ရွှေဘိုပေါ်ဆန်း ၂၄ပြည်တစ်အိတ် ၁၂၅၀၀၀ ကျပ်၊ ရန်ကုန်ပေါ်ဆန်းတစ်အိတ် ၁၁၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

မနောသုခဆန်မှာ အသစ်ဝင်ရောက်သော်လည်း အဟောင်းကိုနှစ်သက်သူများခြင်းကြောင့် တစ်အိတ် ၈၈၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ငစိန်ဆန်မှာ အသစ်ဝင်ချိန်နီးခြင်း၊ လှောင်သမား ထုတ်ရောင်းမှုရှိခြင်း၊ အဝင်ပုံမှန်၊ လုပ်ငန်းသမားဝယ်ယူမှု ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၆၂၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ဧယာဆန်မှာလည်း အဝေးတင်ပို့ရမှုနည်းပြီး မြို့တွင်းသုံးသာရှိခြင်းကြောင့် တစ်အိတ် ၈၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ဧရာမင်းဆန်မှာ အသစ်မဝင်သေးခြင်း၊ လှောင်သမားထံမှဝယ်ရခြင်း၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၃၅၀၀၀ ကျပ် မှ ၁၄၀၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

## ဆီထွက်သီးနှံ

မန္တလေး ပွဲစားကုန်သည်စက်ပိုင်ကထိန်တော်အသင်းတွင် ဆီထွက်သီးနှံများအနက် မြေပဲ(လုံးဆန်၊ ဆီဆန်)ဈေးနှုန်းမှာ မိုးမြေပဲများ မကွေး၊ စစ်ကိုင်း၊ မြင်းမူဘက်မှ အဝင်ပုံမှန်ရှိခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ ၁၀၀ ပိဿာ အရည်အသွေးအနိမ့်ဆုံး ၅၈၀၀၀၀ ကျပ် မှ ၅၆၀၀၀၀ ကျပ်၊ အမြင့်ဆုံး ၆၂၀၀၀၀ ကျပ်မှ ၆၀၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ မြေပဲ(ဆီဆံ)မှာလည်း အသစ်ဝင်ရောက်မှုရှိပြီး ဆီစက်သမား အဝယ်ပုံမှန်သာရှိခြင်းကြောင့် ၁၀၀ ပိဿာ ၅၅၀၀၀၀ ကျပ် မှ ၅၃၀၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။

နှမ်းမျိုးစုံဈေးနှုန်းအနေဖြင့် မိုးနှမ်းအဝင်များခြင်း၊ တရုတ်ဝယ်လက်နည်းပြီး မြို့တွင်းလုပ်ငန်းသုံး အဝယ်သာရှိခြင်းကြောင့် ၄၅ ပိဿာ အရည်အသွေး အကောင်းဆုံး ၄၅ ပိဿာ ၃၅၅၀၀၀ ကျပ်မှ ၃၃၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ နှမ်းညိုမှာ အသစ်ဝင်ရောက်သော်လည်း ဆီစက်သမားအဝယ်များခြင်းကြောင့် ၄၅ ပိဿာ ၂၇၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းနက်မှာလည်း တရုတ်ဝယ်လက်နည်းခြင်း၊ အသစ်ဝင်ရောက်မှုရှိခဲ့ခြင်းကြောင့် ၂၈၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းနီနှင့် နှမ်းဝါမှာ စိုက်ဧကနည်း၊ အထွက်နည်း၊ အဝင်နည်းခြင်းကြောင့် ၄၅ ပိဿာလျှင် နှမ်းနီ ၂၉၀၀၀၀ ကျပ်၊ နှမ်းဝါ ၃၀၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပန်းနှမ်းဈေးနှုန်းအနေဖြင့် စိုက်ပျိုးထားဆဲကာလဖြစ်ခြင်း၊ လက်ကျန်နည်းခြင်း၊ လက်လီဘယဆေးသမား အဝယ်ရှိခြင်းကြောင့် ၄၅ ပိဿာ ၁၉၀၀၀၀ ကျပ် မှ ၁၉၃၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

နေကြာဈေးနှုန်းမှာ မိုးနေကြာ အဝင်နည်းသွားခြင်း၊ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၂၇ ပိဿာ အရည်အသွေးအကောင်းဆုံး ၁၃၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံ

မန္တလေး ကိုင်းတန်းဈေး စားဖိုဆောင်သီးနှံပွဲရုံများတွင် ကြက်သွန်နီဈေးနှုန်းအနေဖြင့် အသစ်မဝင်သေးခြင်း၊ မုံရွာ၊ မြင်းမူ၊ ထီးဆောင်းတို့မှ လက်ကျန်များသာရှိပြီး အရည်အသွေးကောင်း ရှားခြင်း၊ နယ်ဝေး တင်ပို့ရမှုနည်းခြင်းကြောင့် (ကြီး) တစ်ပိဿာ ၄၂၀၀ ကျပ် မှ ၃၇၀၀ ကျပ်၊ (လတ်) တစ်ပိဿာ ၄၀၀၀ ကျပ်မှ ၃၃၀၀ ကျပ်၊ (သေး) တစ်ပိဿာ ၃၈၀၀ ကျပ် မှ ၂၅၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ကြက်သွန်ဖြူ(တရုတ်)မှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော်လည်း အဝင်အနည်းငယ်ရှိခြင်း၊ မြို့တွင်းသုံးပုံမှန်သာရှိပြီး နယ်ဝေးတင်ပို့ရမှုနည်းခြင်း ကြောင့် တစ်ပိဿာ ၁၄၀၀၀ ကျပ်မှ ၁၃၀၀၀ ကျပ်၊ ကြက်သွန်ဖြူ(မြန်မာ) မဝင်သေးသော်လည်း တရုတ်ဖြူဈေးမသိမသာနိမ့်ခြင်း၊ နယ်ဝေးတင်ပို့ရမှု နည်းပါးခြင်းကြောင့် ကြက်သွန်ဖြူ(ရှမ်း)မှာ အရည်အသွေး အနိမ့်ဆုံး ၁၀၀၀၀ ကျပ်မှ ၉၀၀၀ ကျပ်သို့လည်းကောင်း၊ အရည်အသွေးအကောင်းဆုံး ၁၃၀၀၀ ကျပ် မှ ၁၁၀၀၀ ကျပ်သို့လည်းကောင်း ဈေးမသိမသာနိမ့်သွားသည်။

အာလူးဈေးနှုန်းအနေဖြင့် တရုတ်အာလူးများ မြို့တွင်းသုံးစွဲမှုသာရှိခြင်း၊ အောင်ပန်းအာလူး စတင်ဝင်ရောက်မှုရှိခြင်းကြောင့် တရုတ်အာလူး တစ်ပိဿာ ၃၂၀၀ ကျပ်မှ ၃၀၀၀ ကျပ်၊ အောင်ပန်းအာလူး အရည်အသွေးကောင်း တစ်ပိဿာ ၂၇၀၀ ကျပ်ဖြင့် မြို့တွင်းသုံး ဝယ်ယူမှု ပုံမှန်ရှိနေသည်။

ချင်းဈေးနှုန်းအနေဖြင့် ချင်းသစ်များ နုသေးခြင်း၊ ပြည်ပပို့ရန် အဝယ်မရှိသေးခြင်းကြောင့် တစ်ပိဿာ ၄၅၀၀ ကျပ် မှ ၄၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

## ပဲမျိုးစုံဈေးကွက်

မန္တလေး ပွဲစားကုန်သည်စက်ပိုင်ကထိန်တော်အသင်းတွင် ပဲမျိုးစုံဈေးနှုန်းအနေဖြင့် မတ်ပဲဈေးနှုန်းမှာ အသစ်စိုက်ရန် ပြင်ဆင်ချိန်ဖြစ်ခြင်း၊ ပစ္စည်းရှားခြင်းရှိသော်လည်း ရန်ကုန်ဝယ်လက်နည်းခြင်း၊ ရေသွင်းပဲများလည်းဝင်ရောက်မှုရှိပြီး ၆၀ ပိဿာ ၂၄၀၀၀၀ ကျပ်ဖြစ်၍ လက်လီသမားအဝယ်နည်းခြင်းကြောင့် ၂၇၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲတီစိမ်းဈေးနှုန်းအနေဖြင့် ဆောင်းပဲဝင်ချိန်နီး၍ လှောင်သမားထုတ်ရောင်းမှုရှိခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားမှုရှိခြင်း၊ တရုတ်ဝယ်လက်နည်းပြီး ပဲခွဲစက်များ အဝယ်သာရှိခြင်းတို့ကြောင့် အနိမ့်ဆုံး ၁၄၅၀၀၀ ကျပ်မှ အမြင့်ဆုံး ၁၅၈၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ပဲစင်းငုံ(ဖြူ၊ နီ) စိုက်ပျိုးထားဆဲကာလဖြစ်၍ ပစ္စည်းကောင်းရှားခြင်းကြောင့် အရောင်းအဝယ်အေးသော်လည်း ပဲစင်းငုံ(ဖြူ) ၆၀ ပိဿာ ၂၉၅၀၀၀ ကျပ်၊ ပဲစင်းငုံ(နီ) ၆၀ ပိဿာ ၃၂၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲပုပ်(ရှမ်း၊ မြန်မာ)တို့မှာ မိုးပဲအဝင်ရှိခြင်း၊ မြို့တွင်းလုပ်ငန်းသမား အဝယ်အနည်းငယ်ရှိခြင်းကြောင့် ပဲပုပ်(မြန်မာ) သုံးတင်းတစ်အိတ် ၂၀၀၀၀၀ ကျပ်မှ ၂၀၅၀၀၀ ကျပ်သို့လည်းကောင်း၊ ပဲပုပ်(ရှမ်း)မှာ မိုးပဲအဝင် ရှိသော်လည်း ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် သုံးတင်းတစ်အိတ် အရည်အသွေးအနိမ့်ဆုံး ၁၇၀၀၀၀ ကျပ်မှ အမြင့်ဆုံး ၁၉၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကုလားပဲဈေးနှုန်းများ အနေဖြင့် စတင်စိုက်ပျိုးစကာလဖြစ်၍ လှောင်သမား ထုတ်ရောင်းမှု ရှိခြင်း၊ မြို့တွင်း လုပ်ငန်းသမားနှင့် ပဲခွဲစက်များ အဝယ်နည်းခြင်း၊ အရောင်းအဝယ်အေးခြင်းကြောင့် ကုလားပဲ (ကုဖြူကြီး) သုံးတင်းတစ်အိတ် ၂၇၀၀၀၀ ကျပ်မှ ၂၆၇၀၀၀ ကျပ်သို့လည်းကောင်း၊ ကုလားပဲ (ထိုင်ဝမ်) ၂၅၈၀၀၀ ကျပ် မှ ၂၅၀၀၀၀ ကျပ်သို့လည်းကောင်း၊ ကုလားပဲ(ထိုင်ဝမ်) ဈေးနိမ့်သဖြင့် ခွဲခြမ်းမှာလည်း တစ်ပိဿာ ၆၄၅၀ ကျပ် မှ ၆၂၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ပဲယင်းနှင့် မြေထောက်ပဲတို့မှာ စတင်စိုက်ပျိုးစ ကာလဖြစ်ခြင်း၊ ပစ္စည်းကောင်းရှားခြင်းကြောင့် အရောင်းအဝယ်အေးသော်လည်း ပဲယင်း ၆၀ ပိဿာ ၁၅၃၀၀၀ ကျပ်၊ မြေထောက်ပဲ ၅၄ ပိဿာ ၃၂၀၀၀၀ ကျပ် အမြင့်ဈေးဖြင့် တည်ငြိမ်နေသည်။

ပဲလွမ်းဖြူ၊ ပြာတို့မှာ မိုးပဲအဝင်နည်းခြင်း၊ ဆောင်းပဲစိုက်ပျိုးစ ကာလဖြစ်ခြင်း၊ လက်လီသမား အဝယ်သာရှိခြင်းကြောင့် ပဲလွမ်းဖြူ သုံးတင်းတစ်အိတ် ၁၇၅၀၀၀ ကျပ်၊ ပဲလွမ်းပြာ ၁၈၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

စားတော်ပဲ(ကျွန်း)ဈေးနှုန်းမှာ စတင်စိုက်ပျိုးစကာလဖြစ်ခြင်း၊ လက်ကျန်နည်းခြင်း၊ လက်လီသမားအဝယ်သာရှိခြင်းကြောင့် သုံးတင်းတစ်အိတ် အရည်အသွေးပေါ်မူတည်၍ အနိမ့်ဆုံး ၃၂၀၀၀၀ ကျပ်မှ အကောင်းဆုံး ၃၅၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲကြီး(ကြီး၊ သေး)၊ ထောပတ်ပဲ(ကြီး၊ သေး)ဈေးနှုန်း အနေဖြင့် မိုးပဲအဝင်နည်းသွားပြီး ဆောင်းပဲစိုက်ပျိုးစဖြစ်ခြင်း၊ ပစ္စည်းကောင်းရှားခြင်း၊ မြို့တွင်း ပဲခွဲစက်နှင့် လုပ်ငန်းသမား အဝယ်ရှိခြင်းတို့ကြောင့် ပဲကြီး(ကြီး) ၃တင်းတစ်အိတ် ၃၆၀၀၀၀ ကျပ် မှ ၃၉၅၀၀၀ ကျပ်သို့လည်းကောင်း၊ ပဲကြီး(သေး) ၃၄၀၀၀၀ ကျပ် မှ ၃၅၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ထောပတ်ပဲဈေးနှုန်းမှာ ပစ္စည်းကောင်းရှားခြင်းကြောင့် လုပ်ငန်းသမား အဝယ်သာ ရှိသော်လည်း ထောပတ်ပဲ(ကြီး) သုံးတင်းတစ်အိတ် ၄၀၅၀၀၀ ကျပ် မှ ၄၂၀၀၀၀ ကျပ် သို့ဈေးမြင့်သွားပြီး ထောပတ်ပဲ(သေး) ၃၇၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ

မန္တလေး ကိုင်းတန်းဈေးတွင် ငရုတ်စို(ရှည်)များ မုံရွာ၊ မိတ္ထီလာတို့မှ ဝင်ရောက်မှုနည်းခြင်း၊ မြို့တွင်းလုပ်ငန်းရှင်များ ပုံမှန်အဝယ်ရှိခြင်းကြောင့် တစ်ပိဿာ ၃၅၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။အောင်ပန်း၊ ပြင်ဦးလွင်တို့မှပန်းမုန်လာများ အဝင်နည်းခြင်းကြောင့် ပန်းမုန်လာတစ်ပွင့် အရည်အသွေးပေါ်မူတည်၍ ၈၀၀ ကျပ်မှ ၁၀၀၀ ကျပ်၊ ဂေါ်ဖီတစ်ထုပ် ၇၀၀ ကျပ်၊ မုန်လာဥနီ တစ်ပိဿာ ၁၅၀၀ ကျပ်၊ တရုတ်မုန်လာဥ ၆ ပိဿာ တစ်ခြင်း ၂၀၀၀၀ ကျပ် ဈေးဖြင့် ရောင်းဝယ်နေသည်။

သစ်သီးဝလံဈေးနှုန်း အနေဖြင့် ပန်းသီး ၆၀လုံးပါ တစ်ခြင်း ၈၅၀၀၀ ကျပ်၊ ရမည်းသင်း ၊ မိတ္ထီလာ မှ စပျစ်သီး တစ်ပိဿာ ၆၅၀၀ ကျပ်ဈေးရှိပြီး သီပေါ နာနတ်သီး တစ်လုံး အရည်အသွေးပေါ်မူတည်၍ ၈၀၀ ကျပ် မှ ၁၀၀၀ကျပ် ၊ ထောပတ်သီး ၁၂၀လုံးပါ တစ်အိတ် အရည်အသွေးပေါ်မူတည်၍ ၃၅၀၀၀ ကျပ် မှ ၄၅၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည်။

ကျောက်ဆည်၊ မြစ်သားတို့မှ သခွားမွှေး၊ ရွှေသခွားများလည်း ဝင်ရောက်ပြီး ရွှေသခွားလေးလုံး တစ်ဖာလျှင် ၈၀၀၀ ကျပ်၊ ပိုက်သခွား ၄ လုံး တစ်ဖာ ၁၃၀၀၀ ကျပ်ဖြင့် အမှာ ရှိသောမြို့များသို့ တင်ပို့မှုရှိသည်။ ■

# ၂၀၂၃ ခုနှစ် နိုဝင်ဘာလ၏ သွင်းအားစုဈေးနှုန်းများ (၂၂-၁၁-၂၀၂၃)

Source : ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စိုက်ပျိုးရေးဦးစီးဌာန

| စဉ် | သီးနှံအမည် | ယူနစ် | | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ပဲခူး | စစ်ကိုင်း | ဧရာဝတီ | တနင်္သာရီ | မွန် | ရှမ်း(တောင်) | ရှမ်း(မြောက်) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | တစ်ယူနစ်ပမာဏ | | | | | | | | | | | |
| **ယူရီးယား** | | | | | | | | | | | | | | |
| ၁ | မြင်းပျံ | အိတ် | ၅၀ ကီလို | ၈၅,၀၀၀ | ၈၆,၀၀၀ | | ၇၈,၀၀၀ | ၈၅,၀၀၀ | ၉၀,၀၀၀ | ၈၁,၀၀၀ | ၁၁၅,၀၀၀ | ၈၇,၀၀၀ | ၉၈,၀၀၀ | ၈၀,၀၀၀ |
| ၂ | ရွှေတောင် | အိတ် | ၅၀ ကီလို | ၈၃,၀၀၀ | ၈၃,၀၀၀ | ၇၈,၀၀၀ | ၇၉,၀၀၀ | ၈၀,၀၀၀ | ၈၈,၀၀၀ | ၇၇,၀၀၀ | ၁၀၇,၃၃၃ | ၈၀,၀၀၀ | ၉၈,၀၀၀ | ၉၅,၀၀၀ |
| ၃ | သြဘာ/ကောမက် | အိတ် | ၅၀ ကီလို | | ၈၅,၀၀၀ | ၈၀,၀၀၀ | ၈၀,၀၀၀ | ၈၂,၀၀၀ | ၈၈,၀၀၀ | ၈၀,၀၀၀ | ၈၇,၅၀၀ | | ၉၈,၀၀၀ | ၉၅,၀၀၀ |
| ၄ | ရွှေနဂါး | တင်း | ၅၀ ကီလို | ၇၅,၀၀၀ | ၁၁၅,၀၀၀ | ၈၀,၀၀၀ | ၇၅,၀၀၀ | ၈၅,၀၀၀ | ၈၅,၀၀၀ | ၇၇,၅၀၀ | ၉၀,၀၀၀ | ၈၇,၀၀၀ | ၉၈,၀၀၀ | |
| ၅ | ဝိစာရ | တင်း | ၅၀ ကီလို | | ၈၆,၀၀၀ | ၈၀,၀၀၀ | | ၈၅,၀၀၀ | ၉၀,၀၀၀ | | ၈၅,၀၀၀ | | ၉၆,၀၀၀ | |
| **တီစူပါ** | | | | | | | | | | | | | | |
| ၆ | သံကွင်း | အိတ် | ၅၀ ကီလို | | ၉၉,၀၀၀ | | ၈၀,၀၀၀ | ၁၀၀,၀၀၀ | ၁၀၅,၀၀၀ | ၁၀၂,၀၀၀ | ၁၂၃,၃၃၃ | ၁၀၆,၀၀၀ | ၉၆,၀၀၀ | ၉၇,၀၀၀ |
| ၇ | အာမို | အိတ် | ၅၀ ကီလို | ၁၂၀,၀၀၀ | ၁၃၈,၀၀၀ | ၁၀၀,၀၀၀ | ၁၀၀,၀၀၀ | ၉၆,၀၀၀ | ၁၀၈,၀၀၀ | ၉၁,၀၀၀ | ၁၁၀,၀၀၀ | | ၁၀၀,၀၀၀ | |
| ၈ | သြဘာ/ကောမက် | အိတ် | ၅၀ ကီလို | | ၁၁၄,၀၀၀ | ၁၀၂,၀၀၀ | ၁၁၀,၀၀၀ | ၁၀၀,၀၀၀ | ၁၀၃,၀၀၀ | ၁၀၃,၀၀၀ | ၁၃၀,၀၀၀ | | ၁၀၀,၀၀၀ | ၁၁၀,၀၀၀ |
| ၉ | ဝိစာရ | အိတ် | ၅၀ ကီလို | | ၁၁၀,၀၀၀ | ၁၀၂,၀၀၀ | ၉၅,၀၀၀ | ၉၈,၀၀၀ | ၁၀၅,၀၀၀ | | | | ၉၈,၀၀၀ | ၉၇,၀၀၀ |
| **ပိုတက်** | | | | | | | | | | | | | | |
| ၁၀ | မာကိုတာ | အိတ် | ၅၀ ကီလို | ၁၂၀,၀၀၀ | ၁၁၄,၀၀၀ | ၁၂၅,၀၀၀ | ၉၀,၀၀၀ | ၁၂၅,၀၀၀ | ၁၁၈,၀၀၀ | ၁၁၇,၀၀၀ | ၁၃၃,၃၃၃ | ၁၁၅,၀၀၀ | ၉၆,၀၀၀ | ၁၂၅,၀၀၀ |
| ၁၁ | ဝိစာရ | အိတ် | ၅၀ ကီလို | | ၁၃၄,၀၀၀ | | | ၁၂၅,၀၀၀ | ၁၂၈,၀၀၀ | | ၁၅၀,၀၀၀ | | ၉၈,၀၀၀ | |
| ၁၂ | အာမို | အိတ် | ၅၀ ကီလို | ၁၂၅,၀၀၀ | ၁၃၈,၀၀၀ | ၁၃၀,၀၀၀ | ၁၀၀,၀၀၀ | ၁၃၀,၀၀၀ | ၁၂၅,၀၀၀ | ၁၂၀,၀၀၀ | ၁၃၅,၀၀၀ | | ၉၈,၀၀၀ | ၁၁၀,၀၀၀ |
| ၁၃ | သြဘာ | အိတ် | ၅၀ ကီလို | | ၁၁၅,၀၀၀ | ၁၃၀,၀၀၀ | | ၁၃၀,၀၀၀ | ၁၃၂,၀၀၀ | ၁၁၁,၅၀၀ | ၁၂၀,၀၀၀ | | ၉၈,၀၀၀ | ၁၁၅,၀၀၀ |
| **ကွန်ပေါင်း** | | | | | | | | | | | | | | |
| ၁၄ | သြဘာ/ကောမက် | အိတ် | ၅၀ ကီလို | ၁၆၀,၀၀၀ | ၁၂၅,၀၀၀ | ၁၅၅,၀၀၀ | ၁၃၀,၀၀၀ | ၁၃၀,၀၀၀ | ၁၆၅,၀၀၀ | ၁၁၅,၀၀၀ | ၁၂၈,၃၃၃ | ၁၀၃,၀၀၀ | ၉၈,၀၀၀ | ၁၃၀,၀၀၀ |
| ၁၅ | အာမို | အိတ် | ၅၀ ကီလို | ၁၆၅,၀၀၀ | ၁၃၅,၀၀၀ | ၁၄၅,၀၀၀ | ၁၅၃,၀၀၀ | ၁၃၀,၀၀၀ | ၁၄၀,၀၀၀ | ၁၃၀,၀၀၀ | ၁၄၂,၅၀၀ | | ၉၈,၀၀၀ | ၁၃၅,၀၀၀ |
| ၁၆ | ဝိစာရ | အိတ် | ၅၀ ကီလို | ၁၀၂,၀၀၀ | ၁၀၇,၀၀၀ | ၁၄၅,၀၀၀ | ၁၀၀,၀၀၀ | ၁၃၀,၀၀၀ | ၁၄၈,၀၀၀ | | ၁၁၀,၀၀၀ | | ၉၆,၀၀၀ | |
| ၁၇ | ရွှေနဂါး | အိတ် | ၅၀ ကီလို | | ၁၂၀,၀၀၀ | | ၁၂၅,၀၀၀ | ၁၂၅,၀၀၀ | ၁၃၈,၀၀၀ | ၁၀၀,၀၀၀ | | ၈၀,၀၀၀ | ၉၅,၀၀၀ | |
| ၁၈ | သံကွင်း | အိတ် | ၅၀ ကီလို | | ၁၂၀,၀၀၀ | | ၁၂၆,၀၀၀ | ၁၂၅,၀၀၀ | ၁၃၀,၀၀၀ | | ၁၃၅,၀၀၀ | ၈၀,၀၀၀ | ၉၅,၀၀၀ | ၁၂၀,၀၀၀ |
| **ဂျစ်ပဆန်** | | | | | | | | | | | | | | |
| ၁၉ | သြဘာ/ကောမက် | အိတ် | ၂၅ ကီလို | ၇,၀၀၀ | ၈,၀၀၀ | ၈,၀၀၀ | ၆,၈၀၀ | ၇,၀၀၀ | ၈,၃၀၀ | | ၁၂,၆၆၇ | ၈,၀၀၀ | ၉,၅၀၀ | ၉,၀၀၀ |
| ၂၀ | အာမို | အိတ် | ၂၅ ကီလို | ၆,၀၀၀ | ၇,၀၀၀ | ၈,၀၀၀ | ၇,၀၀၀ | ၇,၀၀၀ | ၈,၀၀၀ | ၇,၀၀၀ | ၁၁,၅၀၀ | | ၉,၆၀၀ | ၈,၀၀၀ |
| **ရွက်ဖျန်းမြေသြဇာ** | | | | | | | | | | | | | | |
| ၂၁ | သြဘာ/ကောမက် | ဖူး | ၅၀၀ စီစီ | ၈,၂၀၀ | ၁၃,၂၀၀ | ၇,၀၀၀ | ၇,၅၀၀ | ၂၀,၀၀၀ | ၉,၀၀၀ | | ၉,၂၅၀ | | ၁၅,၀၀၀ | ၉,၀၀၀ |
| ၂၂ | အာမို | ထုပ် | ၅၀၀ ဂရမ် | ၆,၂၀၀ | ၁၅,၀၀၀ | ၆,၀၀၀ | ၈,၀၀၀ | ၁၁,၀၀၀ | ၈,၀၀၀ | ၉,၀၀၀ | ၉,၀၀၀ | ၁၅,၀၀၀ | ၁၅,၅၀၀ | ၈,၀၀၀ |
| **ပိုးသတ်ဆေး** | | | | | | | | | | | | | | |
| ၂၃ | တင်းရှန့် | ဖူး | ၅၀၀ စီစီ | | | | ၂၈,၀၀၀ | ၂၉,၀၀၀ | ၁၄,၀၀၀ | | ၂၅,၀၀၀ | | ၁၁,၀၀၀ | |
| ၂၄ | ဒါနာဒင် | ဖူး | ၅၀၀ စီစီ | | ၂၈,၅၀၀ | ၂၇,၅၀၀ | ၁၅,၃၀၀ | ၃၂,၀၀၀ | ၂၆,၀၀၀ | | ၃၀,၃၃၃ | ၂၂,၅၀၀ | ၁၄,၅၀၀ | |
| ၂၅ | ဖိုင်းယား | ဖူး | ၅၀၀ စီစီ | ၂၅,၀၀၀ | ၂၅,၀၀၀ | ၂၆,၁၀၀ | ၂၆,၀၀၀ | ၃၀,၀၀၀ | ၂၅,၀၀၀ | ၂၅,၀၀၀ | ၂၉,၅၀၀ | | ၁၆,၅၀၀ | ၂၅,၀၀၀ |
| ၂၆ | ဖျူရီ | ဖူး | ၅၀၀ စီစီ | | | | ၂၀,၀၀၀ | ၂၆,၀၀၀ | ၁၇,၅၀၀ | ၄၀,၀၀၀ | ၁၈,၀၀၀ | | | |
| ၂၇ | ဘက်တား | ထုပ် | ၅၀၀ ဂရမ် | ၄၃,၅၀၀ | ၂၃,၀၀၀ | ၅၀,၀၀၀ | ၂၈,၃၀၀ | ၂၅,၀၀၀ | ၃၀,၀၀၀ | ၃၀,၀၀၀ | ၄၀,၀၀၀ | ၂၇,၅၀၀ | ၃၄,၀၀၀ | ၃၆,၀၀၀ |
| **မှိုသတ်ဆေး** | | | | | | | | | | | | | | |
| ၂၈ | ကာဆူမင် | ဖူး | ၅၀၀ စီစီ | | | ၂၂,၅၀၀ | | ၂၆,၀၀၀ | ၃၂,၀၀၀ | ၂၄,၀၀၀ | ၁၉,၀၀၀ | | ၁၀,၀၀၀ | ၂၁,၀၀၀ |
| ၂၉ | ဆင်နာဂျီ | ထုပ် | ၅၀၀ ဂရမ် | | ၂၀,၀၀၀ | ၁၉,၈၀၀ | ၈,၉၅၀ | ၂၃,၀၀၀ | ၁၈,၀၀၀ | ၂၅,၀၀၀ | ၁၈,၀၀၀ | ၁၃,၅၀၀ | ၂၀,၀၀၀ | ၂၀,၀၀၀ |
| ၃၀ | မန်ကိုဇက် | ထုပ် | ၅၀၀ ဂရမ် | ၁၈,၅၀၀ | ၂၀,၀၀၀ | | | ၁၈,၀၀၀ | ၉,၈၀၀ | ၁၇,၀၀၀ | ၁၈,၂၅၀ | | ၁၀,၀၀၀ | ၁၈,၀၀၀ |
| ၃၁ | ယူနတီ | ဖူး | ၅၀၀ စီစီ | ၆၉,၇၀၀ | | ၉၆,၅၀၀ | ၁၄,၅၀၀ | | ၅၃,၀၀၀ | ၅၉,၀၀၀ | ၇၀,၀၀၀ | ၁၁,၅၀၀ | ၁၂,၀၀၀ | |
| ၃၂ | ဟက်ဇာဂွန်/ဟက်ဇာဂိုနားဇိုး | ဖူး | ၅၀၀ စီစီ | ၁၂,၀၀၀ | ၁၉,၀၀၀ | | | ၂၄,၀၀၀ | ၁၉,၀၀၀ | | ၁၉,၀၀၀ | | ၁၅,၀၀၀ | ၂၄,၀၀၀ |
| ၃၃ | အာမိုခရောင်း | ထုပ် | ၅၀၀ ဂရမ် | ၁၃,၀၀၀ | | ၃၂,၅၀၀ | | ၂၄,၀၀၀ | ၅၂,၀၀၀ | ၂၄,၀၀၀ | ၁၄,၂၅၀ | | ၁၀,၀၀၀ | |
| **ပေါင်းသတ်ဆေး** | | | | | | | | | | | | | | |
| ၃၄ | ကွန်ပလီ | ထုပ် | ၅၀၀ ဂရမ် | ၅၀,၀၀၀ | | ၄၀,၀၀၀ | ၁၀,၀၀၀ | ၃၂,၀၀၀ | ၃၀,၀၀၀ | | ၃၀,၀၀၀ | ၁၅,၀၀၀ | ၂၀,၀၀၀ | ၄၀,၀၀၀ |
| ၃၅ | ဂလိုင်ဖိုဆိတ်/ပေါင်းကေလာ | ဖူး | ၁ လီတာ | ၁၄,၅၀၀ | ၁၆,၀၀၀ | ၁၈,၁၀၀ | ၄၆,၀၀၀ | ၂၁,၀၀၀ | ၁၃,၀၀၀ | ၁၃,၅၀၀ | ၁၆,၆၆၇ | ၁၄,၀၀၀ | ၁၃,၀၀၀ | ၁၆,၀၀၀ |
| ၃၆ | ဂျင်နရယ် | ဖူး | ၁ လီတာ | | | | | ၂၄,၀၀၀ | ၁၂,၀၀၀ | | ၁၆,၅၀၀ | ၁၅,၀၀၀ | ၁၃,၀၀၀ | |
| ၃၇ | ဓာင်းထက်(40wp) | ထုပ် | ၅၀၀ ဂရမ် | ၃၇,၅၀၀ | | | ၂၅,၅၀၀ | ၂၆,၀၀၀ | ၁၁,၀၀၀ | | ၂၅,၀၀၀ | | ၁၂,၅၀၀ | |
| ၃၈ | ဖော်ကျွန်း | ဖူး | ၅၀၀ စီစီ | ၂၅,၂၀၀ | ၃၀,၀၀၀ | ၃၀,၀၀၀ | ၂၃,၅၀၀ | ၃၀,၀၀၀ | ၂၄,၀၀၀ | | ၂၅,၀၀၀ | ၁၃,၆၀၀ | ၁၄,၀၀၀ | ၂၉,၀၀၀ |
| ၃၉ | မက်ဖိုက်တာ | ထုပ် | ၅၀၀ ဂရမ် | | | | | ၂၆,၀၀၀ | ၂၈,၀၀၀ | ၁၆,၀၀၀ | ၄၅,၀၀၀ | | ၁၅,၀၀၀ | |
| ၄၀ | ဝိစာရ | ဖူး | ၅၀၀ စီစီ | | | | | ၃၀,၀၀၀ | ၂၅,၀၀၀ | | ၁၆,၅၀၀ | ၃,၀၀၀ | ၉,၈၀၀ | ၁၄,၀၀၀ |
| **ဟော်မုန်း** | | | | | | | | | | | | | | |
| ၄၁ | ဂရိုးသြ | ထုပ် | ၁၀ စီစီ | ၁,၃၀၀ | | ၂,၀၀၀ | | ၁,၈၀၀ | ၁,၃၀၀ | | ၂,၀၀၀ | | | |
| ၄၂ | ဖာတီစတက် | ဖူး | ၅၀၀ စီစီ | | | | | ၁၅,၀၀၀ | ၁၀,၅၀၀ | | ၁၈,၀၀၀ | ၂၂,၅၀၀ | ၂၈,၀၀၀ | |
| ၄၃ | မော်ရယ်မုန်း/လစ်တိုဇင် | ဖူး | ၅၀၀ စီစီ | ၂၃,၀၀၀ | | ၂၇,၄၀၀ | | ၂၂,၀၀၀ | ၂၃,၀၀၀ | | ၁၇,၇၅၀ | ၂၇,၅၀၀ | ၁၅,၅၀၀ | |
| ၄၄ | အာမို | ဖူး | ၅၀၀ စီစီ | | | | | ၁၅,၀၀၀ | ၂၅,၅၀၀ | | ၂၅,၀၀၀ | | ၁၆,၅၀၀ | |
| ၄၅ | GA3 | ထုပ် | ၁၀ ဂရမ် | ၂,၀၀၀ | | | | ၂,၅၀၀ | ၂,၀၀၀ | ၂,၂၀၀ | ၂,၇၅၀ | ၂,၅၀၀ | ၃,၅၀၀ | ၃,၀၀၀ |

# ၂၀၂၃ ခုနှစ် နိုဝင်ဘာလ၏ သွင်းအားစုဈေးနှုန်းများ (၂၂-၁၁-၂၀၂၃)

Source : ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စိုက်ပျိုးရေးဦးစီးဌာန

| စဉ် | သီးနှံအမည် | ယူနစ် | | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ပဲခူး | စစ်ကိုင်း | ဧရာဝတီ | တနင်္သာရီ | မွန် | ရှမ်း(တောင်) | ရှမ်း(မြောက်) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | တစ်ယူနစ်ပမာဏ | | | | | | | | | | | |
| မျိုးစေ့ | | | | | | | | | | | | | | |
| ၄၆ | မနောသုခ(မျိုး) | တင်း | ၄၆ ပေါင် | ၃၀,၀၀၀ | | ၃၅,၀၀၀ | ၂၀,၀၀၀ | ၂၆,၀၀၀ | ၂၃,၀၀၀ | ၂၃,၃၀၀ | ၂၁,၀၀၀ | ၃၀,၀၀၀ | | |
| ၄၇ | ဆင်းသုခ(မျိုး) | တင်း | ၄၆ ပေါင် | ၃၀,၀၀၀ | ၂၀,၀၀၀ | ၃၅,၀၀၀ | ၂၀,၀၀၀ | ၂၆,၀၀၀ | ၂၃,၀၀၀ | ၂၃,၃၀၀ | ၂၀,၅၀၀ | ၃၀,၀၀၀ | | |
| ၄၈ | ဧရာမင်း(မျိုး) | တင်း | ၄၆ ပေါင် | ၄၀,၀၀၀ | ၃၀,၀၀၀ | ၃၇,၀၀၀ | ၂၅,၀၀၀ | | ၃၂,၀၀၀ | ၂၄,၆၀၀ | ၂၁,၅၀၀ | ၃၄,၀၀၀ | | |
| ၄၉ | ပေါ်ဆန်းမွှေး(မျိုး) | တင်း | ၄၆ ပေါင် | ၄၀,၀၀၀ | ၃၀,၀၀၀ | | | ၃၅,၀၀၀ | ၃၅,၀၀၀ | | ၂၄,၀၀၀ | | | |
| ၅၀ | လုံးသွယ်မွှေး(မျိုး) | တင်း | ၄၆ ပေါင် | | | | | | | | | | | |
| ၅၁ | ရွှေရင်အေး(မျိုး) | တင်း | ၄၆ ပေါင် | | | | | | | | | | ၂၂,၀၀၀ | |
| ၅၂ | ပေါ်ဆန်းရင်(မျိုး) | တင်း | ၄၆ ပေါင် | ၄၀,၀၀၀ | ၂၄,၀၀၀ | | | | | ၃၃,၃၀၀ | ၂၃,၂၅၀ | ၃၉,၀၀၀ | | |
| ၅၃ | ရတနာတိုး(မျိုး) | တင်း | ၄၆ ပေါင် | ၃၀,၀၀၀ | | | ၁၇,၀၀၀ | ၂၆,၀၀၀ | | | | | | |
| ၅၄ | ရွှေသွယ်ရင်(မျိုး) | တင်း | ၄၆ ပေါင် | | | ၃၀,၀၀၀ | | | | | | | | |
| ၅၅ | ဆင်းသွယ်လတ်(မျိုး) | တင်း | ၄၆ ပေါင် | | | | | ၂၆,၀၀၀ | | | ၂၅,၀၀၀ | | | |
| ၅၆ | မှော်ဘီ-၂ (မျိုး) | တင်း | ၄၆ ပေါင် | | | | ၁၈,၀၀၀ | ၂၆,၀၀၀ | | | ၂၅,၀၀၀ | | | |
| ၅၇ | ထိုင်းနံ့ကောက် (မျိုး) | တင်း | ၄၆ ပေါင် | ၃၀,၀၀၀ | | | | ၂၈,၀၀၀ | | | ၂၅,၀၀၀ | | | |
| ၅၈ | ဆင်းဧကရီ-၃ (မျိုး) | တင်း | ၄၆ ပေါင် | | | | | | ၂၁,၀၀၀ | | | | | ၂၂,၀၀၀ |

# တိုင်းဒေသကြီး / ပြည်နယ်ဈေးကွက်အလိုက် သီးနှံလက်ကားဈေးနှုန်းများ (၂၂-၁၁-၂၀၂၃)

| စဉ် | သီးနှံအမည် | ယူနစ် | | နေပြည်တော် | ရန်ကုန်တိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | စစ်ကိုင်းတိုင်းဒေသကြီး | ဧရာဝတီတိုင်းဒေသကြီး | တနင်္သာရီတိုင်းဒေသကြီး | ချင်းပြည်နယ် | မွန်ပြည်နယ် | ရှမ်းပြည်နယ်(တောင်) | ရှမ်းပြည်နယ်(မြောက်) | ရှမ်းပြည်နယ်(အရှေ့) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | တစ်ယူနစ် ပမာဏ | | | | | | | | | | | | | |
| | စပါး | | | | | | | | | | | | | | | |
| ၁ | မနောသုခ | တင်း | ၄၆ ပေါင် | ၁၇,၀၀၀ | ၁၅,၀၀၀ | ၂၄,၀၀၀ | | ၁၅,၅၀၀ | ၂၁,၀၀၀ | ၁၆,၅၀၀ | ၁၈,၇၅၀ | | ၂၂,၀၀၀ | | | |
| ၂ | ဆင်းသုခ | တင်း | ၄၆ ပေါင် | ၁၇,၀၀၀ | ၁၅,၀၀၀ | | | ၁၅,၅၀၀ | ၂၁,၀၀၀ | ၁၆,၅၀၀ | ၁၈,၀၀၀ | | ၂၂,၀၀၀ | | | |
| ၃ | ဧရာမင်း | တင်း | ၄၆ ပေါင် | ၂၉,၀၀၀ | ၁၆,၀၀၀ | ၃၂,၀၀၀ | | | ၂၉,၅၀၀ | ၁၇,၀၀၀ | ၁၉,၆၆၇ | ၂၉,၀၀၀ | ၂၇,၀၀၀ | | | |
| ၄ | ပေါ်ဆန်းမွှေး | တင်း | ၄၆ ပေါင် | ၃၈,၀၀၀ | ၂၇,၀၀၀ | | | ၃၀,၀၀၀ | ၃၂,၅၀၀ | | ၂၂,၀၀၀ | | | | | |
| | အခြားနှံစားသီးနှံ | | | | | | | | | | | | | | | |
| ၅ | အစေ့ထုတ်ပြောင်း | တင်း | ၁၈ ပိဿာ | ၁၈,၀၀၀ | | ၁၉,၀၀၀ | | ၂၂,၀၀၀ | ၁၇,၀၀၀ | ၂၂,၀၀၀ | | ၂၀,၀၀၀ | | ၂၇,၀၀၀ | ၁၆,၀၀၀ | ၂၃,၀၀၀ |
| | ပဲမျိုးစုံ | | | | | | | | | | | | | | | |
| ၆ | မတ်ပဲ | တင်း | ၁၉.၄၄ ပိဿာ | ၈၀,၀၀၀ | ၉၀,၀၀၀ | ၈၇,၀၀၀ | | ၇၉,၀၀၀ | ၆၂,၀၀၀ | ၇၈,၅၀၀ | ၇၇,၇၅၀ | ၆၆,၀၀၀ | ၈၉,၀၀၀ | ၆၀,၀၀၀ | | |
| ၇ | ပဲတီစိမ်း | တင်း | ၁၉.၄၄ ပိဿာ | ၆၀,၀၀၀ | ၆၈,၀၀၀ | ၅၇,၀၀၀ | | ၆၈,၅၀၀ | ၅၆,၅၀၀ | ၅၆,၀၀၀ | ၅၇,၇၅၀ | ၅၅,၀၀၀ | ၅၇,၀၀၀ | ၅၆,၀၀၀ | | |
| ၈ | ပဲစင်းငုံ | တင်း | ၁၉.၄၄ ပိဿာ | ၁၁၀,၀၀၀ | | | | ၈၇,၀၀၀ | ၇၈,၅၀၀ | ၅၈,၀၀၀ | ၉၉,၅၀၀ | | | ၇၀,၀၀၀ | ၆၀,၀၀၀ | |
| ၉ | ကုလားပဲ (လုံးသေး) | တင်း | ၁၈.၆၃ ပိဿာ | ၉၀,၀၀၀ | | ၇၉,၀၀၀ | | ၈၄,၀၀၀ | ၆၁,၀၀၀ | ၄၉,၀၀၀ | | | | ၇၅,၀၀၀ | ၇၃,၀၀၀ | |
| ၁၀ | ကုလားပဲ (လုံးကြီး) | တင်း | ၁၈.၆၃ ပိဿာ | ၉၀,၀၀၀ | | ၈၇,၀၀၀ | | ၈၇,၀၀၀ | ၆၅,၀၀၀ | ၄၉,၅၀၀ | | | | ၉၀,၀၀၀ | | ၉၀,၀၀၀ |
| ၁၁ | ကုလားပဲ (ခြမ်း) | ပိဿာ | | ၇,၅၀၀ | ၅,၈၀၀ | ၆,၂၀၀ | | ၇,၀၀၀ | ၄,၅၀၀ | ၆,၃၀၀ | ၆,၁၀၀ | | ၇,၃၀၀ | ၇,၅၀၀ | ၆,၀၀၀ | |
| ၁၂ | ပဲပုတ် | တင်း | ၁၉.၄၄ ပိဿာ | | | ၆၄,၀၀၀ | | ၇၇,၀၀၀ | ၆၇,၀၀၀ | | | ၇၈,၀၀၀ | ၆၈,၀၀၀ | ၆၈,၀၀၀ | ၅၀,၀၀၀ | ၆၅,၀၀၀ |
| | ဆီထွက် | | | | | | | | | | | | | | | |
| ၁၃ | နှမ်းနက် | တင်း | ၁၄.၈၅ ပိဿာ | ၁၀၀,၀၀၀ | | ၁၀၉,၀၀၀ | | ၉၇,၀၀၀ | ၁၀၇,၀၀၀ | ၇၄,၀၀၀ | ၁၀၈,၀၀၀ | | ၉၈,၀၀၀ | | ၁၀၀,၀၀၀ | ၉၀,၀၀၀ |
| ၁၄ | နှမ်းနီ | တင်း | ၁၄.၈၅ ပိဿာ | ၁၀၀,၀၀၀ | | ၉၃,၀၀၀ | | ၉၃,၀၀၀ | ၉၈,၀၀၀ | | | | | ၁၂၅,၀၀၀ | | |
| ၁၅ | နှမ်းဖြူ | တင်း | ၁၄.၈၅ ပိဿာ | | | ၁၁၅,၀၀၀ | | ၉၃,၀၀၀ | ၁၀၅,၀၀၀ | | | ၁၂၀,၀၀၀ | | ၁၃၀,၀၀၀ | | |
| ၁၆ | မြေပဲ(အဆန်) | ပိဿာ | | ၆,၀၀၀ | ၆,၀၀၀ | ၇,၂၀၀ | | ၈,၅၀၀ | ၉,၀၀၀ | ၈,၅၀၀ | ၇,၀၀၀ | ၈,၅၀၀ | ၅,၆၀၀ | ၉,၅၀၀ | ၇,၀၀၀ | ၈,၅၀၀ |
| ၁၇ | မြေပဲ(အတောင့်) | တင်း | ၆.၇၅ ပိဿာ | ၃၀,၀၀၀ | ၂၈,၀၀၀ | ၂၇,၀၀၀ | | ၃၅,၀၀၀ | ၃၂,၀၀၀ | | | ၂၄,၀၀၀ | | ၃၅,၀၀၀ | | ၄၀,၀၀၀ |
| ၁၈ | နေကြာ | တင်း | ၈.၆၄ ပိဿာ | ၄၃,၂၀၀ | | ၄၂,၀၀၀ | | ၄၀,၀၀၀ | ၅၃,၅၀၀ | | | | | ၄၅,၀၀၀ | ၃၈,၀၀၀ | ၆၀,၀၀၀ |
| | စက်မှုကုန်ကြမ်းသီးနှံ | | | | | | | | | | | | | | | |
| ၁၉ | ဝါ(ချည်မျှင်တို) | ပိဿာ | | | | ၂,၄၀၀ | | ၂,၀၀၀ | ၃,၂၀၀ | | | | | | | |
| ၂၀ | ဝါ(ချည်မျှင်ရှည်) | ပိဿာ | | ၂,၇၀၀ | | ၂,၉၀၀ | | ၃,၀၀၀ | ၃,၅၀၀ | | | | | ၄,၂၀၀ | | |
| ၂၁ | ချက်ကြံ | တန် | | ၈၅,၀၀၀ | | | | ၈၀,၀၀၀ | ၄၈,၀၀၀ | | | | | ၅၃,၀၀၀ | ၉၀,၀၀၀ | |
| ၂၂ | စားကြံ | တန် | | | | | | | | | ၁၄၁,၅၀၀ | | | | | |
| | ဆန် | | | | | | | | | | | | | | | |
| ၂၃ | မနောသုခ(ဆန်) | အိတ် | ၃၀ ပိဿာ | ၆၀,၀၀၀ | ၇၈,၀၀၀ | ၉၈,၀၀၀ | | ၇၈,၀၀၀ | ၈၉,၀၀၀ | ၇၀,၀၀၀ | ၇၇,၇၅၀ | | ၇၄,၀၀၀ | | ၁၃၀,၀၀၀ | |
| ၂၄ | ဆင်းသုခ(ဆန်) | အိတ် | ၃၀ ပိဿာ | ၅၈,၀၀၀ | ၇၈,၀၀၀ | ၉၈,၀၀၀ | | ၇၈,၀၀၀ | ၈၉,၀၀၀ | ၇၀,၀၀၀ | ၇၈,၈၃၃ | | ၇၄,၀၀၀ | | | |
| ၂၅ | ဧရာမင်း(ဆန်) | အိတ် | ၃၀ ပိဿာ | ၇၈,၀၀၀ | ၈၅,၀၀၀ | ၁၂၀,၀၀၀ | | ၈၆,၀၀၀ | ၁,၄၅၀,၀၀၀ | ၇၆,၀၀၀ | ၈၀,၆၆၇ | ၁၁၈,၀၀၀ | ၈၇,၀၀၀ | | ၁၅၀,၀၀၀ | |
| ၂၆ | ပေါ်ဆန်းမွှေး(ဆန်) | အိတ် | ၃၀ ပိဿာ | ၁၅၈,၀၀၀ | ၉၅,၀၀၀ | | | ၁၄၅,၀၀၀ | ၁၄၈,၀၀၀ | | ၁၁၃,၆၆၇ | ၁၄၃,၀၀၀ | ၁၀၇,၀၀၀ | ၁၀၀,၀၀၀ | ၁၆၀,၀၀၀ | ၁၀၆,၀၀၀ |
| | စားဖိုဆောင်သီးနှံ | | | | | | | | | | | | | | | |
| ၂၇ | ကြက်သွန်နီ(အကြီး) | ပိဿာ | | ၄,၀၀၀ | ၃,၇၀၀ | ၅,၂၀၀ | | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၄,၀၀၀ | ၃,၅၀၀ | ၃,၇၀၀ | ၄,၅၀၀ | ၅,၀၀၀ | ၄,၀၀၀ |
| ၂၈ | ကြက်သွန်နီ(အလတ်) | ပိဿာ | | ၃,၅၀၀ | ၃,၅၀၀ | ၄,၅၀၀ | | ၃,၃၀၀ | ၃,၂၀၀ | ၃,၅၀၀ | ၃,၁၅၀ | ၃,၀၀၀ | ၃,၇၀၀ | ၃,၅၀၀ | ၄,၀၀၀ | ၃,၀၀၀ |
| ၂၉ | ကြက်သွန်နီ(အသေး) | ပိဿာ | | ၂,၅၀၀ | ၂,၈၀၀ | ၄,၀၀၀ | | ၂,၉၀၀ | ၂,၆၀၀ | ၃,၀၀၀ | ၂,၉၅၀ | ၂,၅၀၀ | ၃,၃၅၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ၃၀ | ကြက်သွန်ဖြူ(ဗမာ) | ပိဿာ | | ၁၈,၀၀၀ | ၁၁,၀၀၀ | ၁၁,၀၀၀ | | ၁၃,၀၀၀ | ၂၀,၀၀၀ | ၉,၅၀၀ | ၈,၇၅၀ | ၁၀,၀၀၀ | ၁၁,၀၀၀ | | | ၁၀,၅၀၀ |
| ၃၁ | ကြက်သွန်ဖြူ(ရှမ်း) | ပိဿာ | | ၁၈,၀၀၀ | ၁၁,၀၀၀ | ၈,၅၀၀ | | ၁၃,၀၀၀ | ၁၇,၀၀၀ | ၁၂,၀၀၀ | ၈,၀၀၀ | ၈,၀၀၀ | ၁၅,၅၀၀ | ၁၁,၀၀၀ | ၈,၀၀၀ | ၉,၀၀၀ |
| ၃၂ | ကြက်သွန်ဖြူ(ကြူကုတ်) | ပိဿာ | | | ၁၅,၀၀၀ | | | ၁၆,၀၀၀ | ၁၉,၀၀၀ | | ၁၃,၅၀၀ | | ၁၁,၀၀၀ | | ၉,၀၀၀ | |
| ၃၃ | ငရုတ်အစို(ရှည်) | ပိဿာ | | ၂,၀၀၀ | ၃,၀၀၀ | ၁၁,၀၀၀ | | ၃,၀၀၀ | ၄,၅၀၀ | | ၉,၀၀၀ | ၉,၀၀၀ | ၉,၀၀၀ | ၇,၀၀၀ | ၅,၀၀၀ | ၃,၅၀၀ |
| ၃၄ | ငရုတ်အစို(ပွ) | ပိဿာ | | | ၃,၅၀၀ | ၁၄,၀၀၀ | | ၃,၅၀၀ | ၈,၀၀၀ | | ၁၉,၅၀၀ | ၁၁,၀၀၀ | ၁၂,၅၀၀ | ၆,၅၀၀ | ၃,၅၀၀ | |
| ၃၅ | ငရုတ်အစို(ပီနန်) | ပိဿာ | | | ၇,၀၀၀ | | | ၉,၀၀၀ | | | | | | ၇,၅၀၀ | ၅,၀၀၀ | |
| ၃၆ | ငရုတ်အခြောက်(ရှည်) | ပိဿာ | | ၁၈,၀၀၀ | ၇,၀၀၀ | ၂၄,၀၀၀ | | ၁၅,၀၀၀ | ၁၄,၀၀၀ | ၁၅,၀၀၀ | ၁၄,၅၀၀ | | ၁၂,၀၀၀ | ၁၃,၀၀၀ | ၁၅,၀၀၀ | ၁၈,၀၀၀ |
| ၃၇ | ငရုတ်အခြောက်(ပွ) | ပိဿာ | | | ၁၄,၀၀၀ | ၂၂,၀၀၀ | | ၂၂,၀၀၀ | ၂၀,၀၀၀ | | ၂၁,၀၀၀ | | ၁၄,၅၀၀ | ၁၂,၀၀၀ | | |
| ၃၈ | ငရုတ်အခြောက်(ပီနန်) | ပိဿာ | | | | | | | | | ၁၁,၅၀၀ | ၂၃,၀၀၀ | | ၂၂,၀၀၀ | ၁၅,၀၀၀ | |
| ၃၉ | ခရမ်းချဉ်(ဗမာ) | ပိဿာ | | ၃,၀၀၀ | ၁,၅၀၀ | ၃,၅၀၀ | | ၃,၀၀၀ | ၂,၅၀၀ | ၃,၅၀၀ | ၃,၀၀၀ | ၂,၃၀၀ | | ၂,၂၀၀ | | |
| ၄၀ | ခရမ်းချဉ်(ရှမ်း) | ပိဿာ | | ၁,၃၀၀ | | ၁,၈၀၀ | | ၃,၀၀၀ | ၂,၀၀၀ | ၂,၅၀၀ | ၁,၄၅၀ | | ၂,၂၀၀ | ၁,၇၀၀ | ၂,၀၀၀ | ၂,၅၀၀ |
| ၄၁ | အာလူး | ပိဿာ | | ၂,၀၀၀ | ၃,၇၀၀ | ၂,၈၀၀ | | ၃,၅၀၀ | ၄,၈၀၀ | ၃,၀၀၀ | ၃,၆၀၀ | ၂,၅၀၀ | ၃,၁၀၀ | ၃,၆၀၀ | ၃,၀၀၀ | ၂,၅၀၀ |
| | ဆီ | | | | | | | | | | | | | | | |
| ၄၂ | မြေပဲဆီ | ပိဿာ | | ၁၃,၀၀၀ | ၁၃,၅၀၀ | ၁၆,၀၀၀ | | ၁၆,၀၀၀ | ၁၃,၀၀၀ | ၁၆,၀၀၀ | ၁၅,၀၀၀ | ၁၄,၀၀၀ | | ၁၄,၀၀၀ | ၁၆,၀၀၀ | ၁၅,၀၀၀ |
| ၄၃ | နှမ်းဆီ | ပိဿာ | | ၁၃,၀၀၀ | | ၁၃,၀၀၀ | | ၁၃,၀၀၀ | ၁၃,၀၀၀ | ၁၆,၀၀၀ | ၁၄,၅၀၀ | | | ၁၄,၀၀၀ | ၁၃,၀၀၀ | |
| ၄၄ | နေကြာဆီ | ပိဿာ | | ၁၅,၀၀၀ | ၁၄,၅၀၀ | ၁၃,၀၀၀ | | ၁၄,၀၀၀ | ၁၂,၅၀၀ | ၁၈,၀၀၀ | ၁၃,၅၀၀ | ၁၇,၀၀၀ | | ၁၄,၅၀၀ | ၁၅,၀၀၀ | |
| ၄၅ | ပဲပုတ်ဆီ | ပိဿာ | | | | | | | ၁၂,၀၀၀ | | ၁၀,၇၅၀ | | | ၁၃,၀၀၀ | | ၁၁,၀၀၀ |
| ၄၆ | စားအုန်းဆီ | ပိဿာ | | ၈,၅၀၀ | | ၁၁,၀၀၀ | | | ၇,၀၀၀ | ၁၀,၅၀၀ | ၈,၁၅၀ | ၁၁,၀၀၀ | | ၈,၈၀၀ | ၈,၀၀၀ | |
| ၄၇ | ဝါစေ့ဆီ | ပိဿာ | | | | ၇,၀၀၀ | | | | | | | | | | |

# တောင်ကြီးအသေးစား မွေးမြူရေးဇုန် စတင်ဖော်ဆောင်

**ရန်ကုန် နိုဝင်ဘာ ၂၂**

တောင်ကြီးမြို့နယ် ခေတ်မီအသေးစား မွေးမြူရေးဇုန်ကို ဖော်ဆောင်လျက်ရှိရာ တောင်ကြီးမြို့နယ် ကျောက်နီ စိုက်ပျိုးရေးဦးစီးဌာန ရာသီသီးနှံ စိုက်ကွင်းအတွင်း မြေဧက ၆၅၉ တွင် ယခုနှစ် အောက်တိုဘာကစ၍ နို့စားနွား၊ နို့စားကျွဲ၊ အသား စားနွားနှင့် ဒေသနွားများ အကောင်ရေ ထောင်ချီ၍ မွေးမြူရန် စီစဉ်လျက် ရှိသည်။

လက်ရှိတွင် မွေးမြူရေးလုပ်ငန်းရှင် ၁၁ ဦးက ဖော်ပြပါ နွားနှင့်ကျွဲကောင်ရေ ၄၀၀၀ ကို မြေ ၄၉၉ ဒသမ ၈၆ ဧကတွင် နှစ်နှစ်အတွင်း သတ်မှတ်ကောင်ရေ ပြည့်အောင် မွေးမြူသွားကြမည်ဟု သိရသည်။

မွေးမြူရေးဇုန်တွင် အပိုင်းနှစ်ပိုင်းပါဝင်ပြီး၊ ပထမပိုင်းတွင် တိရစ္ဆာန်အစာပင် စားကျက်မြက် ဖော်ဆောင်ခြင်းနှင့် ဒုတိယပိုင်းတွင် မွေးမြူရေးရုံများ တည်ဆောက်မွေးမြူခြင်းတို့ ပါဝင်သည်။
(ABC - 004)





# စက်မှုလယ်ယာဦးစီးဌာန ဆဋ္ဌမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပ

**ဒဂုံမြောက် နိုဝင်ဘာ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်း ဆဋ္ဌမအကြိမ် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးဝန်ထမ်းဟောင်းများအား ပူဇော်ကန်တော့ပွဲနှင့် စုံညီတွေ့ဆုံပွဲကို ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ၄၅ ရပ်ကွက်၊ ဆည်မြောင်းလမ်းရှိ သာသနဟိတကာရီဓမ္မာရုံတွင် ယနေ့ ကျင်းပသည်။ (ပုံ)

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးစိုးလှိုင်က အဖွင့်အမှာစကား ပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးမြင့်သူက ပူဇော်ပွဲနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် အငြိမ်းစား ဦးစိုးလှိုင်မိသားစုက သိန်း ၅၀ မတည်ငွေ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးမြင့်သူက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ရန်ပုံငွေ ရှာဖွေရေးအဖွဲ့က ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားသည်။

ယင်းအခမ်းအနားတွင် အသက် ၇၅ နှစ်အထက် ဝန်ထမ်းဟောင်း ၇၀ ဦးအား တစ်ဦးလျှင်ကျပ် တစ်သိန်းစီ ပေးအပ်လှူဒါန်းပြီး ကြွရောက်လာသည့် ဝန်ထမ်းဟောင်းတစ်ဦးက ပီတိစကားများ ပြန်လည်ပြောကြားသည်။

**ဇော်မိုးအောင်(စိုက်ပျိုးရေး)**

**စာ-၁၂ ငရုံပတူပင် မှ**

-ငရုံ့ပတူရွက်ကို ကြိတ်ပြီး ရရှိလာသည့်အနှစ်ကို ဆီးချိုရောဂါကုသရာတွင် အသုံးပြုကြသကဲ့သို့ ကိုယ်ခန္ဓာအတွင်း အဆစ်တွင်ရှိသော အဖုငယ်လေးများရောင်ရမ်းခြင်းမှ သက်သာစေရန်လည်း အသုံးပြုကြ၏။

-ငရုံ့ပတူပင်စည်ပြုတ်ရည်ကို ငရုတ်ကောင်းနက်နှင့် ရောစပ်ပြီး မြွေဆိပ်ဖြေဆေးအဖြစ် အသုံးပြုကြ၏။

-အာဟာရချို့တဲ့သူများအတွက် ငရုံ့ပတူပင်၏ အခေါက်ကို ကြိတ်ရည်ပြုလုပ်ပြီး တစ်လခန့် နေ့စဉ်သောက်သုံးပေးခြင်းဖြင့် ခွန်အားကိုပြန်လည် တိုးပွားစေ၏။

မြန်မာ့ဆေးကျမ်းများအလိုအရ ငရုံ့ပတူပင်သည် အေး၏။ ခါး၏။ ထိုသဘာဝရှိသည့်အတွက် ဓာတ်စာအနေဖြင့် တစ်ပတ်လျှင် အနည်းဆုံး နှစ်ကြိမ်ခန့် မိသားစုထမင်းဝိုင်းထဲတွင် ထည့်သွင်းစားသုံးသင့်၏။

ငရုံ့ပတူရွက်နုလေးများကို ရေနွေးဖျောပြီးလျှင် ငပိရည်ကျို၊ ငပိသုပ်၊ ငပိထောင်း၊ ငပိချက် စသည်တို့ဖြင့် တွဲဖက်ကာ အတို့အမြှုပ်အဖြစ် စားသုံးနိုင်၏။

-ငရုံ့ပတူရွက်ကို ရေနွေးဖျောပြီး ရေအေးစိမ်ကာ ရေစင်အောင်ညှစ်ပြီးလျှင် ပါးပါးလှီးပါ။ ပြီးလျှင် ကြက်သွန်နီပါးပါးလှီး၊ ခရမ်းချဉ်သီးပါးပါးလှီး၊ မြေပဲနှမ်းလှော်ထောင်း၊ ပဲကျက်မှုန့်၊ ပုဇွန်ခြောက်မှုန့်၊ ဆီချက်၊ ငရုတ်သီးစိမ်းပါးပါးလှီးထည့်ပြီး သံပရာရည်ညှစ်ပြီး သုပ်စားလျှင် အလွန်ခံတွင်းမြိန်လှ၏။ အနည်းငယ်ခါးသက်သည့်အရသာရှိသည့် ငရုံ့ပတူရွက်သည် နှုတ်ကိုမြိန်ပြီး အစားစားလိုစိတ်ကို နှိုးဆွပေး၏။

ရေနွေးကြမ်းပူပူလေးနှင့် တွဲဖက်လျှင်ဖြစ်စေ၊ ထမင်းဖြူပူပူလေးနှင့်ဖြစ်စေ တွဲဖက်စားသုံးနိုင်၏။ ကိုယ်ရောစိတ်ပါပင်ပန်းနွမ်းနယ်သူများအတွက် အကောင်းဆုံးသော သဘာဝအားဆေးတစ်လက်ဖြစ်၏။ အမျိုးသမီးများ မီးယပ်သွေးမှန်စေရန်အတွက်လည်းကောင်း၊ သွေးဆုံး မီးယပ်ကိုင်ခြင်းမှ ကာကွယ်ရန်အတွက်လည်း စားသုံးသင့်သည့် သဘာဝဆေးတစ်မျိုးဖြစ်၏။

-ငရုံ့ပတူရွက်ကို ငါးခူစင်းကောနှင့် တွဲဖက်ပြီး ကြော်စားလျှင်လည်း ထမင်းမြိန်စေ၏။

-ငရုံ့ပတူရွက်ကို ငါးရှဉ့်နှင့် ချက်စားလျှင် သွေးဝမ်းသွားခြင်း၊ ဝမ်းကိုက်ခြင်းဝေဒနာကို သက်သာစေ၏။

-ငရုံ့ပတူရွက်ကို ငါး/ပုစွန်အစို၊ အခြောက်နှစ်သက်ရာတို့နှင့် ချဉ်ရည်ဟင်းလည်း ချက်စားနိုင်၏။ ချဉ်ရည်ဟင်းမချက်စားမီ အရွက်ကို မန်ကျည်းမှည့်နှင့်ပြုတ်ပြီးမှ ချက်စားလျှင် အခါးဓာတ်ကို သက်သာစေ၏။

-ငရုံ့ပတူရွက်ကို အခြောက်လှမ်းပြီး လက်ဖက်ခြောက်အဖြစ် ရေနွေးပွက်ပွက်ဆူထဲ ခပ်ထည့်ပြီး သောက်သုံးနိုင်၏။

သဘာဝပေါက်ပင်ဖြစ်သည့် ငရုံ့ပတူရွက်ကို ဈေးထဲတွင် အလွယ်တကူ ဝယ်ယူရန် မလွယ်ကူလှပေ။ မိမိတို့၏ နေအိမ်တွင် ငရုံ့ပတူပင်ပေါက်လေးများကို ပန်းအိုးလေးထဲတွင် ဖြစ်စေ၊ မြေကွက်လပ်လေး အလွယ်တကူရှင်သန်ဖြစ်ထွန်းနိုင်သည့်အတွက် ဆေးဖက်ဝင်အဖြစ် အသုံးပြုနိုင်ရန် အိမ်တိုင်းတွင် စိုက်ပျိုးထားသင့်၏။ တစ်ပိုင်တစ်နိုင် ပရဆေးဥယျာဉ်လေးအဖြစ်လည်း ဖန်တီးထားသကဲ့သို့ပင်ဖြစ်စေ၏။

သဘာဝတရား၏ လက်ဆောင်မွန် ငရုံ့ပတူပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

**ကြေးမုံငယ်**

**စာ-၈ ကျယ်ပြန့်လာသော မှ**

စားစရာလည်း ပေးတယ်။ အခေါက်နဲ့ အမြစ်ကလည်း ဆေးဖော်ရသေးတယ်ဟု ပြောပြကြသည်။ တစ်ချို့များ ငွေရင်းများတဲ့ ပွဲရုံနဲ့ကုန်သည်တွေက ဝါဆိုနဲ့ဝါခေါင်လထဲ မန်ကျည်းပင်က သီးနုတွေသီးတဲ့နှုန်းကို ရှာကိုလာကြည့်ကြပြီး ကြိုတင်ဝယ်တာလည်း ရှိပါသေးတယ်။ ပြီးတော့ တပို့တွဲ၊ တပေါင်းမှာ ရွာတစ်ခေါက်လာပြီး မန်ကျည်းသီးမှည့်တွေ ပုပ်ယူကြတယ်။ ခူးခ၊ ပုတ်ခလည်း ပေးရသေးတယ်။ (မန်ကျည်းပင် ၁၀ ပင်လောက်က မန်ကျည်းသီးမှည့် ပိဿာ ၁၅၀၀ ကျော် ရနိုင်တယ်)။ မကျည်းသီးခူးပြီးရင် မန်ကျည်းရွက်နုကပေါ်လာတော့ ခူးပြီးရောင်းချပြန်သေးတယ်။

မန်ကျည်းသီးဈေးကွက်တွင် အသားထူပြီး အတောင့်ချောသည့် ရေဝတီတိုင်းဒေသကြီးထဲမှ မြန်အောင်မြို့နယ်ထွက် မန်ကျည်းက နာမည်ကြီးသည်။ တချို့ဒေသထွက် မန်ကျည်းသီးက အသားပါးပြီး ခြောက်သွေ့ကာ ကျစ်ကျစ်လျစ်လျစ်ရှိတယ်လို့ ပွဲရုံတွေက သိရတယ်။ ဈေးကွက်မှာ ပေါပေါများများဝင်လာပြီး မန်ကျည်းသီးအထွက်များတဲ့နှစ်ဆိုရင် ဈေးကျတာပဲ။ တစ်ပင်လုံး အသုံးဝင်ပြီး အရိပ်ရတဲ့ နှစ်ရှည်ခံမန်ကျည်းဟာ ပူပြင်းတဲ့ အညာဒေသ၊ မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးတွေအတွက်ကတော့ ဝင်ငွေရအပင်ပါပဲ။

**ဆွေရည်**

# မွေးမြူရေးအတွက်ထုတ်ပေးထားသည့် ကိုဗစ် – ၁၉ ချေးငွေ သက်တမ်းတစ်နှစ်တိုးမြှင့်

ရန်ကုန် နိုဝင်ဘာ ၃

ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ကိုဗစ်-၁၉ ချေးငွေများ ပြန်လည်ပေးဆပ်ရမည့် သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်ပေးလိုက်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသည့် နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍမှ ကုမ္ပဏီ၊ လုပ်ငန်း ၃၂၇ ခုအနေဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီပါက ချေးငွေပြန်ဆပ်ရန် ကာလကို ချေးငွေကာလ နှစ်နှစ်ပြည့်သည့်နေ့မှစ၍ နောက်ထပ် တစ်နှစ် တိုးမြှင့်ပေးခြင်း ဖြစ်သည်။



ယခုထပ်မံတိုးမြှင့်ပေးသည့် ကိုဗစ်-၁၉ ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလ တစ်နှစ်ကို ခံစားခွင့်ရယူလိုသော ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် ပထမနှစ်အတွက် ပထမအကြိမ် အတိုးများကို ပေးဆပ်ပြီးဖြစ်ရမည် ဖြစ်ကာ ဒုတိယနှစ်အတွက် ဒုတိယအကြိမ် အတိုးများကိုလည်း ပေးဆပ်ပြီးဖြစ်ရမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ချေးငွေကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ၊ လုပ်ငန်းဖြစ်ရမည် ဖြစ်သည်။

ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်ခံရမည်ဖြစ်ကြောင်း အသိပေးထားသည်။

ထို့ကြောင့် ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် ချေးငွေအရင်းအတိုး ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက စာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမကြောင်းအရ အရေးယူသွားမည်ဖြစ်သောကြောင့် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုထားသည့်ကာလအတွင်း အပြီးသတ် အကြေပေးဆပ်ကြရမည် ဖြစ်သည်။



ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအနေဖြင့် နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍမှ ထိခိုက်မှုအများဆုံးဖြစ်သည့် လုပ်ငန်းများကို ကိုဗစ်-၁၉ ရန်ပုံငွေ မှ ချေးငွေသက်တမ်း တစ်နှစ် (အတိုးနှုန်း ၁ ရာခိုင်နှုန်း) သတ်မှတ်ပြီး ၂၀၂၀ ခုနှစ် နိုဝင်ဘာ ၁၆ ရက်ကစတင်ကာ ကုမ္ပဏီ လုပ်ငန်း စုစုပေါင်း ၃၂၇ ခုကို ချေးငွေ ကျပ် ၇ ဒသမ ၆၃ ဘီလီယံကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါချေးငွေသက်တမ်းကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ပထမအကြိမ် ချေးငွေပြန်လည်ပေးဆပ်ရမည့် ကာလတစ်နှစ်တိုးမြှင့်ပေးခဲ့ပြီး ယခုဒုတိယအကြိမ်မြောက်အဖြစ် ချေးငွေကာလတို သက်တမ်းတစ်နှစ် ထပ်မံ တိုးမြှင့်ပေးခြင်း ဖြစ်သည်။

ဇော်လင်းထွဋ်

# လှော်ကားငါးလုပ်ငန်းစခန်းတွင် ပြည်တွင်းပြည်ပ ငါးမျိုးသစ်များ စမ်းသပ်သားဖောက်

နေပြည်တော် နိုဝင်ဘာ ၆

မင်္ဂလာဒုံ မြို့နယ်ရှိ လှော်ကား ငါးလုပ်ငန်းစခန်းတွင် ဒေသနှင့်ကိုက်ညီသည့် ပြည်တွင်းပြည်ပ ငါးမျိုးသစ်များ စမ်းသပ်သားဖောက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရှားပါးလာသည့် တိုင်းရင်းငါးမျိုးစိတ်များအား ဖော်ထုတ်သုတေသနပြုခြင်း၊ ငါးသားဖောက်ခြင်းနှင့် မွေးမြူရေးနည်းစနစ်များ ပညာပေးဆောင်ရွက်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ် ငါးသားပေါက်ထုတ်လုပ်မှု ပြည့်မီကျော်လွန်အောင် ဆောင်ရွက်လျက်ရှိနေပြီး၊ ငါးဆေးထိုးသားဖောက် စာတွေ့လက်တွေ့သင်တန်းများကို လျာထားချက်အတိုင်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

သားငါးရိက္ခာဖူလုံ ပိုလျှံရေးနှင့် ရှားပါးလာသော ဒေသငါးမျိုးစိတ်များ ထိန်းသိမ်းရေးအတွက် ယင်းတို့၏ ပေါက်ဖွားရှင်သန်မှု ဘဝစက်ဝန်းကို သိရှိသဖြင့် သဘာဝရေပြင်တွင် ငါးသားပေါက်များ စိုက်ထည့်ပေးခြင်းနှင့် စီးပွားဖြစ် ငါးမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းအား ဖွံ့ဖြိုးလာရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

MOALI ပြန်ကြားရေး





# ပို့ကုန်ဝင်ငွေ မြှင့်တင်ပေးမည့်
# အသားကဏ္ဍ

**ပြောင်းလဲလာသော ရာသီဥတုဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာမှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပြီး ကပ်ရောဂါအသွင်ဆောင်သော ရောဂါဖြစ်ပွားမှုသည် များပြားလာသည်ကို တွေ့ရသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူသားတို့သည် ကျန်းမာ အသက်ရှည်စွာ နေထိုင်နိုင်ရေးနှင့် အာဟာရ မျှတစွာရရှိရေးတို့အတွက် မည်သို့နေထိုင်စားသောက်ရမည်ဆိုသည့် ကျန်းမာရေး အသိများ တိုးမြှင့်ရှာဖွေလာကြသည်။**

အဂါသား

ယင်းသို့ လူသားတို့ ကျန်းမာရေး အသိအမြင် ပြောင်းလဲလာမှုကြောင့် ယခင်က ကာဘိုဟိုက်ဒရိတ် မြင့်မားသော အသီးအနှံများကို အဓိကစားသုံးခဲ့ကြသော်လည်း ယခုအခါ အသားစားသုံးမှုပမာဏမှာလည်း တိုးတက် မြင့်မားလာသည်။

ကျန်းမာကြံ့ခိုင်သော လူတစ်ဦးအတွက် နေ့စဉ် ပရိုတိန်းဓာတ် ၃၀ ဂရမ် စားသုံးရန် လိုအပ်ပြီး၊ ၂၀၁၉ ခုနှစ် စာရင်းများအရ ကမ္ဘာ့နိုင်ငံများထဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ဟောင်ကောင်)၊ ဩစတြေးလျနိုင်ငံ၊ အမေရိကန်နှင့် အာဂျင်တီးနားနိုင်ငံတို့သည် အသားစားသုံးမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ့စီးပွားရေး မြှင့်တင်ပေးနိုင်ပြီး ပြည်သူများ၏ ကျန်းမာရေးအထောက်အကူပြုနိုင်သည့် ပရိုတိန်းဓာတ် ပြည့်ဝစွာရရှိရေးအတွက် အသားကဏ္ဍကို စနစ်တကျထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အသားကဏ္ဍ တိုးတက်ရေးအတွက် အသားတိုးနွားမွေးမြူထုတ်လုပ်မှု တိုးချဲ့ရန် မြန်မာနိုင်ငံသည် စားကျက်မြေများ ပေါကြွယ်ဝခြင်း၊ သန့်ရှင်းသော ရေလုံလောက်စွာရရှိခြင်း၊ မြေဧရိယာကျယ်ပြန့်မှုရှိခြင်းနှင့် ရာသီဥတုမျှတခြင်း စသည်တို့ကို ပိုင်ဆိုင်ထားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီမှ ဒီဇင်ဘာအထိ ပြည်တွင်းမွေးမြူထုတ်လုပ်မှုမှာ ခိုင်းနွားအကောင်ရေ ၄၁ ဒသမ ၇၄ သိန်းခန့်၊ ကျွဲနွားသားရေ ၂ ဒသမ ၈၁ သိန်းခန့်၊ သိုးဆိတ်သားရေ ၃ ဒသမ ၅၆ သိန်း၊ နွားနို့ပိဿာပေါင်း ၉၉၈၇ ဒသမ ၂၈ သိန်း၊ အမဲသား၊ ဆိတ်သား၊ ဝက်သား၊ ကြက်သား၊ ဘဲသား၊ ကြက်ဆင်၊ ဘဲငန်းသားနှင့် ငုံးသား စုစုပေါင်း ပိဿာ ၅၅၆၆ ဒသမ ၂၂ သိန်း၊ ဥထုတ်လုပ်မှု စုစုပေါင်း လုံးရေ ၂၈၂၂၂ ဒသမ ၀၄ သိန်းခန့်နှင့် ၄က်မွေးပေါင်ချိန် ၂၁ ဒသမ ၆၆ သိန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ထိုနှစ်တွင် ပြည်ပတင်ပို့မှုက ကန်ဒေါ်လာ ၁၈ ဒသမ ၇၃ သန်းခန့်ရရှိခဲ့ပြီး၊ ယခင်နှစ် ကာလတူတွင် ကန်ဒေါ်လာ ၅ ဒသမ ၂၇ သန်းခန့်သာ ရရှိသောကြောင့် ယခင်နှစ်ထက် ကန်ဒေါ်လာ ၁၃ ဒသမ ၄၈ သန်း ပိုမိုရရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းများအရ သိရသည်။

"လက်ရှိ ဈေးကွက် အနေအထားအရဆိုရင်တော့ ကျွန်တော်တို့ဆီက အများဆုံးဝယ်တာ တရုတ်နဲ့ ထိုင်းနိုင်ငံတို့က ဖြစ်ပါတယ်။ သူတို့က သက်တမ်းတို မွေးမြူထုတ်လုပ်လို့ရတဲ့ ကြက်၊ ဝက်ကို မဝယ်ကြဘူး။ နွားနဲ့ကျွဲကျတော့ အနည်းဆုံး သုံးနှစ်ကနေ ငါးနှစ်အထိ မွေးမြူထုတ်လုပ်ရတဲ့အတွက် မွေးမြူထုတ်လုပ်တဲ့ နိုင်ငံတွေကနေ ကျွဲ၊ နွားအရှင်နဲ့ အေးခဲအသားတွေကို ဝယ်ယူတင်သွင်းကြတာ ဖြစ်ပါတယ်။ ဒါကြောင့် အသားကဏ္ဍအတွက် ဈေးကွက် အခိုင်အမာရှိတယ်လို့ပြောလို့ရပါတယ်။ အဲဒီလို ဈေးကွက်ကောင်းမွန်သေချာတဲ့ မွေးမြူထုတ်လုပ်မှုတိုးတက်စေဖို့အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်အနေနဲ့လည်း ပြည်တွင်းမွေးမြူရေးလုပ်ငန်းများ တိုးတက်လာစေဖို့ သက်ဆိုင်ရာဌာနများနဲ့ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်"ဟု မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



လက်ရှိ အသားကဏ္ဍ တင်ပို့မှုအနေဖြင့် တိရစ္ဆာန်အရှင်များကို အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်များမှသာ အဓိကတင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံသို့ ကျွဲ၊ နွားအသားတရားဝင် တင်ပို့နိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ သဘောတူစာချုပ်ပါ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပြည်တွင်း မွေးမြူထုတ်လုပ်မှု တိုးတက်လာစေရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မွေးမြူရေးဇုန်များဖော်ဆောင်ကာ အသားကဏ္ဍတိုးတက်ထုတ်လုပ်ရေး၊ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရေးနှင့် မွေးမြူရေးကို အခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှုအားကောင်းလာစေရန် ဆောင်ရွက်လျက်ရှိသည်။

ပြည်ပဈေးကွက်များသို့ ကျွဲ၊ နွားအရှင်များ တင်ပို့ခြင်းထက် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် တန်ဖိုးမြင့် အေးခဲအသားများ တင်ပို့နိုင်မည်ဆိုပါက ပို့ကုန်ဝင်ငွေ တိုးတက်လာမည်ဖြစ်ပြီး မွေးမြူမှုမှ ထုတ်လုပ်တင်ပို့ခြင်းအထိ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာကာ လူမှုစီးပွားဘဝလည်း တိုးတက်လာမည် ဖြစ်ပေသည်။